http://www.dhammadownload.com

အရေခံပညာအလယ်တန်းအဆင့် လေ့ကျင့်စဉ်လက်စွဲ



ပန်းတိုင်

ဆဋ္ဌမတန်း

စာရိုက်နှုန်းလောက်နိုတိ

အရေခံပညာအလယ်တန်းအဆင့် လေ့ကျင့်စဉ်လက်စွဲ

ပန်းတိုင်

ဆဋ္ဌမတန်း



စာရိုက်နှုန်းလောက်နိုတိ

1678001
http://www.dhammadownload.com
500

အခြေခံပညာအလယ်တန်းအဆင့်လေ့ကျင့်စဉ်လက်စွဲ

ပန်းတိုင်

ဆဋ္ဌမတန်း

ဓာတ်ပြုန်ဉ်လောကနီတီ



ပမ္မာဇာဝင်ရြည် ဓမ္မဒါန လှဝင်းနှံ
သိမ်ကြီးစာကြီး(ဂီရုံ)၊ ဆရာဆောင်(၄)၊(ပ)ထပ်
ဖုံး - ဥာဏ်ဇာဂျ၊ ဥဂ္ဂဒေဝ လှိုင်းခွဲ(ခန်ဂ)

http://www.dhammadownload.com

ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှု

မပြိုကွဲရေး ဒို့အရေး

အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

စည်းကမ်းလိုက်နာ ဘေးကင်းကွာ

စည်းကမ်းရှိမှ တိုးတက်မည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ် ပေါက်ရေး

သည် ပြည်ထောင်စုသားအားလုံး၏

ပဓာနကျသော တာဝန်ဖြစ်သည်။

ပြည်သူ့သဘောထား

- ပြည်ပအားကိုပုဆိန်ရိုး အဆိုးမြင်ဝါဒီများ အား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံ တော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီး သူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက်နှောက်ယှက်သော ပြည်ပနိုင်ငံများ အား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံ ရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာ ယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေ သစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွား ရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
* စျေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ် လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်း အနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီး နိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်း သားပြည်သူတို့၏လက်ဝယ်တွင် ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့် စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ် ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခ ဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

http://www.dhammadownload.com

ပုံနှိပ်ထုတ်ဝေမှုတ်တမ်း

စာမူခွင့်ပြုချက်အမှတ်	၈၇၂ / ၂၀၀၃ (၈)
မျက်နှာဖုံးခွင့်ပြုချက်အမှတ်	၇၅၉ /၂၀၀၃ (၉)
ထုတ်ဝေသူ	ဦးသန်းမောင် (ယာယီ - ၈၆၂) **ပန်းတိုင်စာပေ** တိုက်(၈၈/၄)၊ ကမာလမ်း၊ ၂၄-ရပ်ကွက် သုဝဏ္ဏမြို့၊ သဃ်ိန်းကျွန်းမြို့နယ်။
ပုံနှိပ်သူနှင့်မျက်နှာဖုံးရိုက်	ဦးတင့်ဆွေ (မြဲ - ၀၇၂၅၇) **စန်းပွင့်ပုံနှိပ်တိုက်** အမှတ် -၁၉၁၊ လမ်း-၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
စာအုပ်ချုပ်	**ရတနာမြေစာအုပ်ချုပ်လုပ်ငန်း**
အကြိမ်ရေ	**ပထမအကြိမ်**
ထုတ်ဝေသည့်ကာလ	၂၀၀၃ -ခုနှစ်၊ စက်တင်ဘာလ
အုပ်ရေ	၁၀၀၀
တန်ဖိုး	**၅၀၀ ကျပ်**

ပြည်လုံးကျွတ်ဖြန့်ချိရေး

ပန်းတိုင်
စာပေ

အမှတ် – ၂၃၂၊ (မြေညီထပ်)၊ ၃၉လမ်း(အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

☎ – ၂၄၅၆၁၉၊ ၂၄၅၆၂၁၊ ၄၄၁၃၂၂၅၅၊ ၀၉၅၁၁၉၁၂၅

http://www.dhammadownload.com

ဖတ်မှတ်စရာ မာတိကာ

စဉ်	အကြောင်းအရာ	စာမျက်နှာ
၁။	အခန်း (၁) ကျေးဇူးရှင်ခင်ပွန်းကြီးဆယ်ပါး	၅
၂။	အခန်း (၂) ကျေးဇူးရှင်ကို မြတ်နိုးပူဇော်ခြင်း အကျိုးဆယ်ပါး	၈
၃။	အခန်း (၃) ကျေးဇူးရှင်ကို ပြစ်မှားမိလျှင် သင့်သောပြစ်ဒဏ်ဆယ်ပါး	၁၁
၄။	အခန်း (၄) ရှင်မဟာရဋ္ဌသာရ၏ ဆုံးမစာငါးချက်	၁၅
၅။	အခန်း (၅) ရှင်မဟာသီလဝံသ၏ ဆုံးမစာငါးချက် (ပထမပိုင်း)	၁၉
၆။	အခန်း (၆) ရှင်မဟာသီလဝံသ၏ ဆုံးမစာငါးချက် (ဒုတိယပိုင်း)	၂၃
၇။	အခန်း (၇) အမျိုးမြတ်သူနှင့်ပညာရှိသူတို့၏လက္ခဏာ (အပိုဒ်–၁၄)	၂၈
၈။	အခန်း (၈) ဖားသူငယ်နှင့်မာန (အပိုဒ်–၁၅)	၃၁
၉။	အခန်း (၉) အရွယ်အလိုက် ဆောင်ရွက်ခြင်း (အပိုဒ်–၁၆)	၃၄
၁၀။	အခန်း (၁၀) သုတပညာ၏တန်ဖိုး (အပိုဒ်–၂၁)	၃၈
၁၁။	အခန်း (၁၁) အဆင်းနှင့်အချင်း (အပိုဒ်–၃၆)	၄၂
၁၂။	အခန်း (၁၂) ပန်းရနံ့နှင့်ပညာရှိ (အပိုဒ်–၄၀)	၄၅

❑ ❑ ❑

http://www.dhammadownload.com

အခန်း (၁)

၁။ သင်ခန်းစာခေါင်းစဉ်

"ကျေးဇူးရှင် ခင်ပွန်းကြီးဆယ်ပါး"

၂။ သင်ယူမှုဦးတည်ချက်များ

(က) ယေဘုယျဦးတည်ချက်

ကျေးဇူးရှင်များကို သိရှိရန်။

(ခ) အသေးစိတ်ဦးတည်ချက်များ

(၁) ကျေးဇူးရှင် ခင်ပွန်းကြီး ဆယ်ပါး ရှိကြောင်း ပြောပြတတ်ရန်။

(၂) ကျေးဇူးရှင် ခင်ပွန်းကြီး ဆယ်ပါးသည် မည်သူများ ဖြစ်ကြောင်း ရှင်းပြတတ်ရန်။

၃။ သင်ကြားမှု/သင်ယူမှု ထောက်ကူပစ္စည်းများ

(က) ကျေးဇူးရှင် ခင်ပွန်းကြီး ဆယ်ပါး ရေးသားထားသော ကားချပ်။

(ခ) ကျေးဇူးရှင် ခင်ပွန်းကြီး ဆယ်ပါး၏ ဓာတ်ပုံ၊ ပန်းချီ၊ ရုပ်ပုံ၊ ရုပ်ထု စသည်များ။

၄။ သင်ကြား/သင်ယူမှုလုပ်ငန်းအဆင့်ဆင့်

လုပ်ငန်း (၁) ။ ။ ကျေးဇူးရှင် ခင်ပွန်းကြီး ဆယ်ပါးရေးသားထားသော ကားချပ်ကို ချိတ်ဆွဲ၍ ဆရာမ တိုင်ပေးပြီး ကျောင်းသားများအား **ရွတ်ဆိုနိုင်းပါ**။

(က) မြတ်စွာဘုရား

(ခ) ပစ္စေက ဗုဒ္ဓာ

(ဂ) ရဟန္တာ

(ဃ) အဂ္ဂသာဝက

(င) အမိ

(စ) အဖ

(ဆ) သီလ၊ သမာဓိ၊ ပညာနှင့် ပြည့်စုံသူ

(ဇ) ပညာသင်ကြား **ဆိုဆုံးမသောဆရာ**

(ဈ) **ချီးမြောက်ပေးကမ်းသူ**

(ည) တရားရေအား တိုက်ကျွေးသူ။

http://www.dhammadownload.com

လုပ်ငန်း (၂)။ ။ **အောက်ပါ မေးခွန်းများကို အုပ်စုလိုက် ဖော်ထုတ် ဆွေးနွေးပါ။**

(က) **ကျေးဇူးရှင်ဆိုသော စကားကို သင် မည်သို့ နားလည်ပါသနည်း။**

ကျေးဇူးရှင်ဆိုသော စကားမှာ ကျေးဇူးရှိသော သူဟု ကျွန်ုပ် နားလည်မိပါသည်။

(ခ) သင့်အပေါ် ကျေးဇူးရှိသော ကျေးဇူးရှင်များကို ဖော်ပြပါ။

ကျွန်ုပ်အပေါ် ကျေးဇူးရှိသော ကျေးဇူးရှင်များမှာ (၁) အမိ၊ (၂) အဖ၊ (၃) ဆရာ၊ (၄) ချီးမြှောက်ပေးကမ်းသူတို့ ဖြစ်ပါသည်။

(ဂ) အမိ၊ အဖများကို အဘယ်ကြောင့် ကျေးဇူးရှင်များဟု သတ်မှတ်ရသနည်း။

အမိ၊ အဖများကို ကျေးဇူးရှင်များဟု သတ်မှတ်ရခြင်းမှာ (၁) လူဘဝသို့ ရောက်ရှိလာအောင် မွေးဖွားပေးခြင်း၊ (၂) လူလားမြောက်အောင် ပြုစု ပျိုးထောင်ပေးခြင်း၊ (၃) မကောင်းမှုကို တားမြစ်ပေးခြင်း၊ (၄) ကောင်းမှုကို လမ်းညွှန်ပြခြင်း၊ (၅) အတတ်ပညာကို သင်ကြားပေးခြင်း၊ (၆) အရင်းအနှီး ထုတ်ပေးပြီး လုပ်ကိုင်စေခြင်း၊ (၇) သင့်တော်သော အိမ်ထောင်ဖက်နှင့် ထိမ်းမြားပေးခြင်း စသည့် အလွန်ကြီးမားလှသော အနန္တ ကျေးဇူးတရားများကြောင့် ဖြစ်ပါသည်။

(ဃ) ဆရာ/ဆရာမများ၏ ပညာသင်ပေးမှု၊ ဆုံးမပဲ့ပြင်မှုများသည် တပည့်တို့ အတွက် ကောင်းကျိုးနှင့် ဆိုးကျိုး မည်သည်ကို ဖြစ်စေပါသနည်း။

ဆရာ/ဆရာမများ၏ ပညာသင်ကြားပေးမှု ဆုံးမပဲ့ပြင်မှုများသည် တပည့်တို့ အတွက် ကောင်းကျိုးကို ဖြစ်စေပါသည်။

လုပ်ငန်း (၃)။ ။ ကျေးဇူးရှင်များ၏ ဓာတ်ပုံ၊ ရုပ်ပုံ၊ ပန်းချီရုပ်ထု စသည်များ စုဆောင်းလာစေရန် အုပ်စုများ ခွဲ၍ တာဝန်ပေးပါ။

လုပ်ငန်း (၄)။ ။ ကျောင်းသားများ စုဆောင်းထားသော ကျေးဇူးရှင်များ၏ ရုပ်ပုံ၊ ဓာတ်ပုံ၊ ပန်းချီရုပ်ထု (လိုအပ်သည်ကို ဆရာက ဖြည့်စွက်၍) စသည်များအား မည်သည့် ကျေးဇူးရှင် ခင်ပွန်း ဖြစ်ကြောင်း အုပ်စုလိုက် ပြိုင်ဆိုင်ခွဲခြားပြောကြားပါ။

လုပ်ငန်း (၅)။ ။ **အမိ၊ အဖတို့၏ သားသမီးများအပေါ် ချစ်ခင်စေတနာထား လုပ်ဆောင်မှုများကို တစ်ဦးချင်း** ရှင်းပြခိုင်းပါ။

http://www.dhammadownload.com

လုပ်ငန်း (၆)။ ။ ဆရာသမားတို့၏ ဆုံးမမှုများကို အုပ်စုများ ခွဲ၍ ယှဉ်ပြိုင် ပြောကြားပါ။

လုပ်ငန်း (၇)။ ။ (၃၈) ဖြာမဂ်လာ တရားတော်များကို မှတ်မိသရွေ့ အုပ်စုလိုက် ပြောကြားပါ။

လုပ်ငန်း (၈)။ ။(၃၈) ဖြာမဂ်လာ တရားတော်များ ဟောကြားခဲ့သူမှာ မည်သူ ဖြစ်သနည်း။

ဖြေ။ ။ (၃၈) ဖြာမဂ်လာ တရားတော်များ ဟောကြားခဲ့သူမှာ ဗုဒ္ဓ ရှင်တော်မြတ် ဘုရား ဖြစ်ပါသည်။

*

တတ်မြောက်မှုကို စစ်ဆေးခြင်း

အောက်ပါမေးခွန်းများကို ဖြေဆိုပါ။

မေး။ ။(က) ကျေးဇူးရှင် ခင်ပွန်းကြီး ဘယ်နှစ်ပါး ရှိသနည်း။
ကျေးဇူးရှင် ခင်ပွန်းကြီး ဆယ်ပါး ရှိပါသည်။

(ခ) ကျေးဇူးရှင် ခင်ပွန်းကြီး ဆယ်ပါးကို ဖော်ပြပါ။
လုပ်ငန်း (၁)တွင် ဖော်ပြပြီး။

(ဂ) မိမိကို ချီးမြှောက် ပေးကမ်းဖူးသူ ရှိပါသလား။ ရှိလျှင် အမည် ပြောပြပါ။
ကျွန်ုပ်ကို ချီးမြှောက်ပေးကမ်းဖူးသူ ရှိပါသည်။ ဆရာဦးခင်မောင်တင့် ဖြစ်ပါသည်။

(ဃ) သီလ၊ သမာဓိ၊ ပညာနှင့် ပြည့်စုံသော ပုဂ္ဂိုလ် ဆိုသည်မှာ မည်သို့သော ပုဂ္ဂိုလ်မျိုး ဖြစ်သနည်း။
သီလ၊ သမာဓိ၊ ပညာနှင့် ပြည့်စုံသော ပုဂ္ဂိုလ် ဆိုသည်မှာ ပညာရှိ သူတော်ကောင်း ကဲ့သို့သော ပုဂ္ဂိုလ်မျိုး ဖြစ်ပါသည်။

(င) မိမိ၏ စိတ်ချမ်းသာမှုအတွက် ဖြောင့်ဖြ နှစ်သိမ့်၍ ပြောဆို ဆုံးမပေးသူကို ကျေးဇူးရှင် ခင်ပွန်းကြီး ဆယ်ပါးမှ မည်သည့် ပုဂ္ဂိုလ်မျိုးဟု ပြောနိုင်သနည်း။
မိမိ၏ စိတ်ချမ်းသာမှုအတွက် ဖြောင့်ဖြ နှစ်သိမ့်၍ ပြောဆို ဆုံးမပေးသူကို ကျေးဇူးရှင် ခင်ပွန်းကြီး ဆယ်ပါးမှ ''တရားရေအေး တိုက်ကျွေးသူ'' ပုဂ္ဂိုလ်မျိုးဟု ပြောနိုင်ပါသည်။

* * *

http://www.dhammadownload.com

အခန်း (၂)

၁။ သင်ခန်းစာခေါင်းစဉ်

''ကျေးဇူးရှင်ကို မြတ်နိုးပူဇော်ခြင်း အကျိုးဆယ်ပါး''

၂။ သင်ယူမှု ဦးတည်ချက်

(က) ယေဘုယျ ဦးတည်ချက်

ကျေးဇူးရှင်ကို မြတ်နိုး ပူဇော်သင့်ကြောင်း ပြောပြတတ်ရန်။

(ခ) အသေးစိတ် ဦးတည်ချက်များ

၁။ ကျေးဇူးရှင်ကို မြတ်နိုးပူဇော်လျှင် အကျိုးဆယ်ပါး ရရှိနိုင်ကြောင်း ပြောပြတတ်ရန်။

၂။ ကျေးဇူးရှင်ကို မြတ်နိုးပူဇော်သော အကျိုးတရားများကို ဖော်ပြတတ်ရန်။

၃။ မြတ်နိုးပူဇော်ထိုက်သူကို ရှိသေပူဇော်ခြင်းသည် အချည်းနှီး မဖြစ်ကြောင်း ရှင်းပြတတ်ရန်။

၄။ ကျေးဇူးရှင်ကို မြတ်နိုးပူဇော်ခြင်းအားဖြင့် ဘဝခရီးလမ်း အဆင်ပြေ ချောမွေ့စွာ လျှောက်နိုင်မည် ဖြစ်ကြောင်း ပြောပြတတ်ရန်။

၃။ သင်ကြားမှု/သင်ယူမှုအထောက်ကူပစ္စည်းများ

ကျေးဇူးရှင်ကို မြတ်နိုးပူဇော်ခြင်း အကျိုးဆယ်ပါး ရေးသားထားသော ကားချပ်၊ အမိအဖတို့ကို မြတ်နိုးစွာ လုပ်ကျွေး ပြုစုနေသော သုဝဏ္ဏသာမ၏ ရုပ်ပုံကားချပ်။

၄။ သင်ယူမှုလုပ်ငန်းများ

လုပ်ငန်း(၁)။ ။ ကျေးဇူးရှင်ကို မြတ်နိုးပူဇော်ခြင်း အကျိုးဆယ်ပါး ရေးသားထားသော ကားချပ်ကို ချိတ်ဆွဲ၍ ဆရာမ တိုင်ပေးပြီး ကျောင်းသားများအား ရွတ်ဆိုခိုင်းပါ။

''ကျေးဇူးရှင်ကို မြတ်နိုးပူဇော်ခြင်း အကျိုးဆယ်ပါး''

(က) အစားအစာ ပေါများခြင်း။
(ခ) ရောက်ရာအရပ်၌ ပူဇော်ခံရခြင်း။
(ဂ) သူခိုး၊ ဓားပြတို့ အနှိပ်အစက် မခံရခြင်း။
(ဃ) လူအများက နှစ်သက်လိုလားခြင်း။
(င) ဂုဏ်ကျေးဇူးသတင်း ကျော်ဇောခြင်း။

http://www.dhammadownload.com

(စ) အခြွေအရံ ပေါများခြင်း။
(ဆ) ဘုန်းကျက်သရေ တိုးပွားခြင်း။
(ဇ) အမြင့်မှ ကျသော်လည်း မှီရာတည်ရာရခြင်း။
(စျ) ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ လယ်ယာ၊ စပါးတိုးပွားခြင်း။
(ည) ရန်သူ မထိပါးခြင်း။

လုပ်ငန်း(၂)။ ။ အောက်ပါ မေးခွန်းများကို အုပ်စုလိုက်ဖော်ထုတ် ဆွေးနွေးပါ။ ပြီးလျှင် အတန်းသို့ ပြန်လည်တင်ပြပါ။

(က) မိမိအား ကျွေးမွေးစောင့်ရှောက်သော မိဖများအား ကျေးဇူးကန်းသင့်သလား။ ကျေးဇူးဆပ်သင့်သလား။ အဘယ်ကြောင့် ဤသို့ ထင်မြင်ပါသနည်း။

မိမိအား ကျွေးမွေးစောင့်ရှောက်သော မိဖများအား ကျေးဇူး ဆပ်သင့်ပါသည်။ အဘယ်ကြောင့်ဆိုသော် မိဖများ၏ ကျေးဇူးမှာ ဆပ်၍ မကုန်နိုင်လောက်အောင်ပင် ကြီးမားလှသောကြောင့် ဖြစ်ပါသည်။

(ခ) ပညာသင်ကြား ဆိုဆုံးမသော ဆရာသမားများ၏ စကား နာခံသင့်မသင့် ပြောစမြဲပါ။

ပညာသင်ကြား ဆိုဆုံးမသော ဆရာသမားများ၏ စကားကို နာခံသင့်ပါသည်။

(ဂ) ချီးမြှောက်ပေးကမ်းဖူးသူအား အခွင့်ကြုံက ပြန်လည် ကျေးဇူးဆပ်ရန် လိုအပ်သည်ဟု ထင်မြင်ပါသလား။ အဘယ့်ကြောင့်နည်း။

ချီးမြှောက်ပေးကမ်းဖူးသူအား အခွင့်ကြုံက ပြန်လည် ကျေးဇူးဆပ်ရန် လိုအပ်သည်ဟု ကျွန်ုပ် ထင်မြင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် သူတစ်ပါး၏ ကျေးဇူးတရားကို ပြန်လည်တုံ့ပြန်ခြင်းသည် မင်္ဂလာ တရားတော်နှင့် အညီ ဖြစ်သောကြောင့် ဖြစ်ပါသည်။

(ဃ) မိမိအား မှန်ကန်သော အသိတရားများ ပေးသည့် ကျေးဇူးရှင်ကို စော်ကားသင့်ပါသလား။ အဘယ့်ကြောင့်နည်း။

မိမိအား မှန်ကန်သော အသိတရားများ ပေးသည့် ကျေးဇူးရှင်ကို မစော်ကားသင့်ပါ။ အဘယ်ကြောင့်ဆိုသော် ထိုသို့သော ပုဂ္ဂိုလ်သည် ကျေးဇူးရှင် ဆယ်ပါးတွင် တစ်ပါးအပါအဝင် ဖြစ်၍၊ ပြစ်မှားမိပါက ပြစ်ဒဏ်သင့်မည် ဖြစ်သောကြောင့် ဖြစ်ပါသည်။

http://www.dhammadownload.com

လုပ်ငန်း(၃)။ ။ မျက်စိ မမြင်သော သူတော်ကောင်း မိဖနှစ်ပါးကို လုပ်ကျွေးပြုစုရင်း ဘုရင်၏ မြားချက် သင့်သော်လည်း နတ်သိကြားတို့၏ စောင်မမှုကြောင့် အသက်ချမ်းသာရသော ဇာတ်ကြီးဆယ်ဘွဲ့ပါ ဇာတ်တော် တစ်ပုဒ်အကြောင်း လေ့လာစုံစမ်း ရှာဖွေခိုင်း၍ ရှာဖွေခဲ့သူ တစ်ဦးချင်းမှ ဆွေးနွေး ပြောပြခိုင်းပါ။

(ဇာတ်အမည် မဖော်ပြဘဲ ရှာခိုင်းရန် ဖြစ်သည်။)

လုပ်ငန်း(၄)။ ။ ကျေးဇူးရှင်ကို ကျေးဇူးသိတတ်၍ အကျိုးခံစားရသော ပုံပြင်၊ ကိုယ်တွေ့၊ ဇာတ်နိပါတ် ကြားဖူးသမျှ တစ်ဦးစီ ရှာဖွေခိုင်း၍ ပြန်လည်တင်ပြ ဆွေးနွေးခိုင်းပါ။

(ကလေးများ ရှာဖွေလာသော အချက်အလက်များ ပြည့်စုံမှု ရှိစေရန် သင်ခန်းစာ၏ ရည်ရွယ်ချက် ပေါက်မြောက်စေရန် ဆရာမှ ဖြည့်စွက်ပြောကြား သင်ကြားရန်)

*

တတ်မြောက်မှု စစ်ဆေးခြင်း

အောက်ပါ မေးခွန်းများကို ဖြေဆိုပါ။

(က) ကျေးဇူးရှင်ကို မြတ်နိုးပူဇော်လျှင် ရရှိနိုင်သောအကျိုး မည်မျှရှိသနည်း။
ကျေးဇူးရှင်ကို မြတ်နိုးပူဇော်လျှင် ရရှိနိုင်သောအကျိုး ဆယ်ပါး ရှိပါသည်။

(ခ) ကျေးဇူးရှင်ကို မြတ်နိုးပူဇော်လျှင် ရရှိနိုင်သော အကျိုးများကို ဖော်ပြပါ။
လုပ်ငန်း (၁)တွင် ဖော်ပြပြီး။

(ဂ) (၃၈) ဖြာ မင်္ဂလာ တရားတော်တွင် ပါရှိသော ရိုသေထိုက်သူကို ရိုသေခြင်း၊ သူတစ်ပါး ကျေးဇူးကို သိခြင်း စသည့် မင်္ဂလာတရားများနှင့် ပြည့်စုံလျှင် မည်သို့ အကျိုးခံစားနိုင်မည်နည်း။

(၃၈) ဖြာ မင်္ဂလာ တရားတော်တွင် ပါရှိသော ရိုသေထိုက်သူကို ရိုသေခြင်း၊ သူတစ်ပါး ကျေးဇူးကို သိခြင်း စသည့် မင်္ဂလာတရားတော်များနှင့် ပြည့်စုံလျှင် ဘဝခရီးလမ်း အဆင်ပြေ ချောမွေ့စွာ လျှောက်လှမ်းနိုင်သော အကျိုးကျေးဇူးများ ရရှိခံစားနိုင်ပါသည်။

http://www.dhammadownload.com

(ဃ) ဘဝခရီးလမ်း အဆင်ပြေ ချောမွေ့၍ အောင်မြင်မှု အပေါင်း ရရှိရန်နှင့် ဘေးအန္တရာယ် ကင်းရှင်းရန် သင်မည်သို့ ပြုမူနေထိုင်မည်နည်း။

ဘဝခရီးလမ်း အဆင်ပြေ ချောမွေ့၍ အောင်မြင်မှုအပေါင်း ရရှိရန်နှင့် ဘေးအန္တရာယ် ကင်းရှင်းရန်၊ ကျွန်ုပ်သည် (၃၈)ဖြာ မင်္ဂလာတရားတော်နှင့် အညီ ပြုမူ နေထိုင်မည် ဖြစ်ပါသည်။

* * *

အခန်း (၃)

၁။ သင်ခန်းစာခေါင်းစဉ်

''ကျေးဇူးရှင်ကို ပြစ်မှားမိလျှင် သင့်သော ပြစ်ဒဏ်ဆယ်ပါး''

၂။ သင်ယူမှု ဦးတည်ချက်

(က) ယေဘုယျ ဦးတည်ချက်

ကျေးဇူးရှင်ကို စော်ကားလျှင် အပြစ်ဒဏ် ခံစားရတတ်ကြောင်း သိရှိရန်။

(ခ) အသေးစိတ် ဦးတည်ချက်များ

၁။ ကျေးဇူးရှင်ကို ပြစ်မှားမိလျှင် သင့်သော ပြစ်ဒဏ် ဆယ်ပါး ရှိကြောင်း ပြောပြတတ်ရန်။

၂။ ကျေးဇူးရှင်ကို ပြစ်မှားမိလျှင် သင့်သော ပြစ်ဒဏ် ဆယ်ပါးကို ဖော်ပြတတ်ရန်။

၃။ ကျေးဇူးရှင်ကို ပြစ်မှားမိလျှင် သင့်သော ပြစ်ဒဏ်များသည် ကြောက်ဖွယ် ကောင်းကြောင်း ရှင်းပြတတ်ရန်။

၃။ သင်ကြားမှု/သင်ယူမှုအထောက်ကူပစ္စည်းများ

ကျေးဇူးရှင်ကို ပြစ်မှားမိလျှင် သင့်သော ပြစ်ဒဏ် ဆယ်ပါးကို ရေးသားထားသော ကားချပ်။ ဆင်လိမ္မာနှင့် ဆင်ဆရာတို့ ပါသော ရုပ်ပုံကားချပ်။

http://www.dhammadownload.com

၄။ သင်ကြားမှု/သင်ယူမှုလုပ်ငန်း အဆင့်ဆင့်

လုပ်ငန်း(၁)။ ။ ကျောင်းသားများအား အုပ်စုခွဲ၍ ထိုင်ခိုင်းပါ။ ကျေးဇူးရှင်ကို ပြစ်မှားမိလျှင် သင့်သော ပြစ်ဒဏ်ဆယ်ပါး ရေးသားထားသော ကားချပ်ကို ချိတ်ဆွဲ၍ ဆရာမ တိုင်ပေးကာ ကျောင်းသားများအား ရွတ်ဆိုခိုင်းပါ။

''ကျေးဇူးရှင်ကို ပြစ်မှားမိလျှင် သင့်သော ပြစ်ဒဏ်ဆယ်ပါး''

(က) ဦးခေါင်းနှင့် စပ်သောအနာ ဖြစ်တတ်ခြင်း။
(ခ) ခဲယဉ်းစွာ ရှာဖွေထားသော ပစ္စည်းဥစ္စာများ ဆုံးပါးတတ်ခြင်း။
(ဂ) လက်ခြေတို့ ကျိုးပဲ့ ပျက်စီးတတ်ခြင်း။
(ဃ) နှုနာရောဂါ စွဲကပ်ခြင်း။
(င) ရူးသွပ်သော ရောဂါ စွဲကပ်ခြင်း။
(စ) ရာထူးစည်းစိမ် ဥစ္စာ ပျက်တတ်ခြင်း။
(ဆ) မတရားစွပ်စွဲ ခံရတတ်ခြင်း။
(ဇ) ဆွေကောင်း မျိုးကောင်း ပျက်စီးတတ်ခြင်း။
(စျ) စပါး၊ ပဲ၊ ပြောင်း၊ ပုလဲ၊ စိန်၊ ရွှေ၊ အထွေထွေတို့ အလေလေ ဖြစ်ခြင်း။
(ည) မိုးကြိုး လောင်မီးကျ၍ အကြိမ်ကြိမ် ပျက်စီးတတ်ခြင်း။

လုပ်ငန်း(၂)။ ။ ငါးရှဉ်းဆယ် နိပါတ်တော်လာ ဒုကနိပါတ်၊ ဥပါဟန ဇာတ်တော်မှ **''ဆရာကို အန်တုသော တပည့်မိုက်''** သင်ခန်းစာမှ စာပိုဒ် တစ်ပိုဒ်စီကို အုပ်စု တစ်ခုစီမှ နားလည်သလို အလှည့်ကျ ပြန်လည် တင်ပြခိုင်းပါ။

ငါးရှဉ်းဆယ် နိပါတ်တော်လာ ဒုကနိပါတ်၊ ဥပါဟန ဇာတ်တော်မှ **''ဆရာကို အန်တုသော တပည့်မိုက်''**

တစ်ရံသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်းကြီး စိုးစံ၏။ မင်းမူထမ်း ဆင်ဆရာတစ်ဦးသည် တပည့်များအား လက်ခံ၍ ဆင်အသွားအလာ လေ့ကျင့်နည်း၊ အပြုအမူ သင်ပြနည်း၊ ဆင်ထိန်းနည်း စသည်များကို မခြွင်းမချန် သင်ပြပေးသည်။ တပြည့်များတွင် တတ်မြောက်လွယ်၍ ကြိုးစားသူ တပည့်တစ်ယောက် ပါဝင်ရာ ထိုတပည့်ကို မြောက်စားထား၏။ ပညာစုံသော အခါ ထိုတပည့်က မင်းခစား လုပ်လိုကြောင်း ပြောဆို တောင်းပန်၍ ဆရာကြီးသည် တပည့်၏ အရည်အချင်းများ အမွှမ်းတင်တင်ပြရာ မင်းကြီး သဘောတူ သဖြင့် ဆင်ဆရာ ဖြစ်လာ၏။

အတန်ကြာ လုပ်မိသောအခါ တပည့်သည် စိတ်ကြီးဝင်လာပြီး လခ ပိုမို ရယူလိုစိတ် ဖြစ်လာ၏။ ဆရာကြီး၏ လစာအတိုင်းပေးရန် မင်းကြီးအား တင်ပြပေးပါဟု ပူဆာ၏။ ဆရာကြီးက ဖျောင်းဖျပြောဆိုသော်လည်း မရသဖြင့်

http://www.dhammadownload.com

ဆရာကြီးသည် မင်းကြီးအား လျှောက်တင်ပေး၏။ မင်းကြီးသည် လေးစားအပ်သော ဆရာကြီး ပြောသည်ကို မငြင်းလို၍ ''ကောင်းပြီ၊ ဆရာကြီး တတ်သလို သူလည်း တတ်တယ်ဆိုရင် ဆရာနှင့်အတူ အတတ်ပညာ ပြိုင်နိုင်ပဲ့မလား'' ဟုမေးရာ တပည့်က ပြိုင်ရဲပါသည်ဟု ကြုံးဝါး ပြောဆို၏။ ဆရာကြီးသည် ဆရာစား မချန်ဘဲ ပညာအကုန် သင်ပေးခဲ့၍ အရေးကြုံလာသောအခါ ထူးထူးခြားခြား ပြသရန် လိုအပ်သဖြင့် အတွေ့အကြုံ နည်းပရိယာယ် ကြွယ်ဝမှုကို အသုံးချမည်ဟု စိတ်ကူးကာ ဆင်တစ်စီး ရွေးချယ်၍ ရသမျှ အချိန်အတွင်း ဆန်းဆန်းကြယ်ကြယ် အပြုအမူ ားကို ဆင်အား သင်ကြားပေးလေ၏။

ချိန်းဆိုထားသော နေ့တွင် မင်းရင်ပြင်၌ လူများစွား စုဝေးရောက်ရှိလာကြသည်။ မကြုံဘူးသောပွဲ ဖြစ်၍ အုတ်အုတ်ကျက်ကျက် ဖြစ်ကာ စိတ်ဝင်စားနေကြ၏။ ရှေ့ပိုင်းတွင် ဆရာနှင့် တပည့် ပညာပြပုံချင်း တူနေ၏။ ပရိသတ်များက တော်ပါပေတယ်ဟု ချီးကျူးကြ၏။ နောက်ပိုင်း ပြခန်းတွင် ဆရာကြီးက ''ဆင်ကို ခိုင်းသမျှ လိုက်နာနိုင်တာ လုပ်ပြနိုင်ခဲ့ပါပြီ။ ယခု ဆန့်ကျင်ဘက်တွေ လုပ်ပြခိုင်းပါမည်''ဟု ကြေညာ၍ ဆင်အား ''မင်းတာဝန်က ငါ့ အမိန့်ကို ဆန့်ကျင် လုပ်ပြဖို့ပဲ''ဟု ပြောကာ အမိန့်ပေး၏။ ရှေ့တိုးစမ်းဆိုလျှင် ဆင်က နောက်ဆုတ်၏။ နောက်ဆုတ်ဟု ပြောလျှင် ရှေ့တိုး၏။

ထိုင်စမ်းဟုဆိုကာ ခြေနှစ်ချောင်းပေါ်တွင် ရပ်ပြ၏။ ပရိသတ်များသည် အထူးအဆန်း ဖြစ်ကာ လက်ခုပ်လက်ဝါး တီး၍ အော်ဟစ် ချီးကျူးကြ၏။

တပည့်အလှည့် ရောက်လာရာ တပည့်သည် ဇောချွေးပြန်လာ၏။ ထိုအလုပ်မျိုးကို စိတ်ပင် မကူးဖူး၍ အခက်ကြုံနေ၏။ ထိုဆင်ကိုပင် ဆရာကြီး ပြောသလို အတုလိုက်၍ ခိုင်းစေကြည့်ရာ ဆင်သည် မလှုပ်မယှက် ရပ်နေ၏။ တပည့်သည် ဘာမျှ မလုပ်တတ်တော့၍ ဟိုကြည့် ဒီကြည့်နှင့် တုန်လှုပ်နေစဉ် ပရိတ်သတ်များသည် မကျေမနပ် စိတ်ဆိုး မာန်ဆိုးနှင့် အော်ဟစ် ဆဲဆိုကြသည်။ ဆရာကို အနိုင်တုသဖြင့် ချက်ချင်း ပျက်စီးရလေတော့သည်။

''ဆရာပြစ်မှား တပည့်အား ပျက်ပြား ဆုတ်ယုတ်သည်။ လောကသံသရာ ဤနှစ်ဖြာ ချမ်းသာ ကင်းဝေးသည်။''

လုပ်ငန်း(၃)။ ။ ဆရာကို အနိုင်တုသော တပည့်မိုက် အကြောင်း အုပ်စုများခွဲ၍ ပြိုင်ဆိုင်ကာ ပြန်လည် ပြောပြခိုင်းပါ။

လုပ်ငန်း(၄)။ ။ ကြားဖူးသေဝဏာ ဖတ်ဖူးသော ကျေးဇူးကန်းသူများ မည်သို့ ပျက်စီးဒုက္ခ ရောက်ရ ပုံများကို ကလေး တစ်ဦးစီးအား ပြောပြခိုင်းပါ။

*

http://www.dhammadownload.com

၅။ တတ်မြောက်မှု စစ်ဆေးခြင်း

အောက်ပါ မေးခွန်းများကို ဖြေဆိုပါ။

မေး(က)။ ကျေးဇူးရှင်ကို ပြစ်မှားမိလျှင် သင့်သော ပြစ်ဒဏ် ဘယ်နှစ်ပါး ရှိသနည်း။
ဖြေ။ ။ ကျေးဇူးရှင်ကို ပြစ်မှားမိလျှင် သင့်သော ပြစ်ဒဏ် ဆယ်ပါး ရှိပါသည်။

မေး(ခ) ။ ကျေးဇူးရှင်ကို ပြစ်မှားမိလျှင် သင့်သော ပြစ်ဒဏ်များကို ဖော်ပြပါ။
ဖြေ။ ။ လုပ်ငန်း (၁)တွင် ဖော်ပြပြီး။

မေး(ဂ) ။ ဆရာကို အနှံတုသော တပည့်မိုက် ပုံပြင်မှ တပည့်သည် မည်သည့် ပြစ်ဒဏ်များ ခံစားသွားရသနည်း။
ဖြေ။ ။ ဆရာကို အနှံတုသော တပည့်မိုက် ပုံပြင်မှ တပည့်သည် ''ရာထူး စည်းစိမ်ဥစ္စာ ပျက်တတ်ခြင်း'' ပြစ်ဒဏ် ခံစားသွားရပါသည်။

မေး(ဃ)။ ကျေးဇူးရှင်ကို ပြစ်မှားသူများအား အတုယူ အားကျဖွယ် ကောင်းပါသလား။ အဘယ်ကြောင့်နည်း။
ဖြေ။ ။ ကျေးဇူးရှင်ကို ပြစ်မှားသူများအား အတုယူ အားကျဖွယ် မကောင်းပါ။ အဘယ့်ကြောင့်ဆိုသော် ကျေးဇူးရှင်ကို ပြစ်မှားမိလျှင် သင့်သော ပြစ်ဒဏ် ဆယ်ပါး ရှိသောကြောင့် ဖြစ်ပါသည်။

မေး(င) ။ ကျေးဇူးရှင်ကို ပြစ်မှားသူအား အများက ကောင်းချီးပေးသလား။ ကဲ့ရဲ့ရှုံ့ချသလား။
ဖြေ။ ။ ကျေးဇူးရှင်ကို ပြစ်မှားသူအား အများက ကဲ့ရဲ့ရှုံ့ချပါသည်။

မေး(စ) ။ ကျေးဇူးရှင်ကို မြတ်နိုးပူဇော်သူနှင့် ပြစ်မှားသူ သင် မည်သူ ဖြစ်ချင်သနည်း။ အဘယ့်ကြောင့်နည်း။
ဖြေ။ ။ ကျွန်ုပ်သည် ကျေးဇူးရှင်ကို မြတ်နိုးပူဇော်သူ ဖြစ်ချင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ကျေးဇူးရှင်ကို ပြစ်မှားမိလျှင် ပြစ်ဒဏ် ဆယ်ပါး သင့်နိုင်ပြီး၊ ကျေးဇူးရှင်ကို မြတ်နိုးပူဇော်လျှင်အကျိုး ဆယ်ပါး ရရှိနိုင်သောကြောင့် ဖြစ်ပါသည်။

* * *

http://www.dhammadownload.com

အခန်း (၄)

၁။ သင်ခန်းစာခေါင်းစဉ်

''ရှင်မဟာရဋ္ဌသာရ၏ ဆုံးမစာ ငါးချက်''

၂။ သင်ယူမှု ဦးတံ်ညွှန်ချက်

(က) ယေဘုယျ ဦးတည်ချက်

လိမ္မာရေးခြား ရှိရေး။

(ခ) အသေးစိတ် ဦးတည်ချက်များ

၁။ သူတော်ကောင်းနှင့် သူယုတ်မာ၊ လူကောင်းနှင့် လူမိုက် ခွဲခြားတတ်၍ ရွေးချယ်ပေါင်းသင်းတတ်ရန်။

၂။ သူတော်ကောင်းတို့၏ အရည်အသွေးနှင့်အညီ ကျင့်ကြံ နေထိုင်တတ်စေရန်။

၃။ လူအများ မေတ္တာမဲ့သော မကောင်းသတင်း ကျော်ဇောခြင်းမျိုး မပြုလုပ်မိစေရန်။

၄။ လူအများ မေတ္တာပွား၍ ခြိုးမွမ်းခံရသူ တစ်ယောက် ဖြစ်အောင် လုပ်ဆောင်တတ်စေရန်။

၅။ ဆရာသမားတို့၏ ဆုံးမစကားသည် ကောင်းစေလို၍ ဖြစ်ကြောင်း သိရှိနားလည်ကာ လိုက်နာတတ်စေရန်။

၃။ သင်ကြားမှု/သင်ယူမှုအထောက်အကူပစ္စည်းများ

ရှင်မဟာရဋ္ဌသာရ၏ ဆုံးမစာ ငါးချက် ရေးသားထားသော ကားချပ်။

၄။ သင်ကြား/သင်ယူမှုလုပ်ငန်း အဆင့်ဆင့်

လုပ်ငန်း(၁)။ ။ ရှင်မဟာရဋ္ဌသာရ၏ ဆုံးမစာ ငါးချက် ရေးသားထားသော ကားချပ်ကို ချိတ်ဆွဲ၍ ဆရာမှ တိုင်ပေးပြီး ကျောင်းသားများအား လိုက်ဆိုခိုင်းပါ။

''ရှင်မဟာရဋ္ဌသာရ ဆုံးမစာ ငါးချက်''

(က) သူတော်ကောင်းနှင့်၊ ပေါင်းဖော်ယှဉ်တွဲ၊ လူမိုက်မဲကို၊ ရှောင်လွှဲပါလေ၊
ဤသူ့အမြတ်၊ ဤသူ့လက်က၊ ညစ်ထမ်းကြမ်းကြုတ်၊ ဤသူယုတ်ဟု၊
အဟုတ်အမှန်၊ မသွေလှန်သည်၊ ကောန်ဆတ်ဆတ်၊ လူသုံးရပ်ကို
သိတတ်စေ။

http://www.dhammadownload.com

(ခ) ငြိမ်သက်ကွန်ဖြေ၊ တည်ကြည်ထွေဖြင့်၊ သန္ဓေကောင်းမွန်၊ လွန်တော်မှန်လျက်၊ စိတ်မာန်မနှောင့်၊ နှုတ်လက်စောင့်သည်၊ သူကောင်းသွေးရည်ပီလှစေ။

(ဂ) ကွယ်ရာမရွေး၊ မျက်နှာဝေးက၊ တွေးလေကြဲဘိ၊ မိမိသဘော၊ သို့ကျင့်သောဟု၊ ပြောရလူချင်း၊ မေတ္တာကင်းအောင် သတင်းမပုပ်ပါစေနှင့်။

(ဃ) မဖြောင့်မသား၊ မတရားကို၊ လားလားကျဉ်သူ၊ မပြုဟူ၍ ဗိုလ်ခပ်သိမ်း၊ မေတ္တာလိမ်းသည်၊ ချီးမွမ်းဆိုထွေ ရတတ်စေ။

(င) ရင်ဝယ်ဖြစ်ငြား၊ မွေးသည့်သားကို၊ မယ်ဘွားမိခင်၊ ဆုံးမသင်သို့၊ အကြင်ဆရာ၊ တို့သူငါကို၊ လိမ္မာစေကြောင်း ကောင်းပါစေလို၊ ဆိုပါသမျှ၊ ဩဝါဒကို နားမျှမထောင်၊ မကြားယောင်သို့၊ မောင်တို့ပြုက၊ ယခုပစ္စုန်၊ နောင်သံသရာ၊ ဆက်မျှားစွာ၌ ချမ်းသာမည့်အရေး၊ အလွန်ဝေးသည်။

လုပ်ငန်း(၂)။ ။ အောက်ပါမေးခွန်းများကို တစ်ဦးချင်း အလှည့်ကျ ဖြေဆိုခိုင်းပါ။

(က) ဆုံးမစာ (၁)ကို မည်သို့ နားလည်ပါသနည်း။

ဆုံးမစာ (၁)ကို ''သူတော်ကောင်းနှင့်သာ အတူယှဉ်တွဲ ပေါင်းဖော်၍ လူမိုက်ကို ရှောင်ကြဉ်ရပါမည်။ ဤသူသည် မြင့်မြတ်သူ၊ ဤသူကား ညစ်ညမ်း ကြမ်းတမ်းသူ၊ ဤသူမှာ ယုတ်မာသူ ဟူ၍ လူသုံးရပ်ကို ခွဲခြား သိတတ်ရန် လိုပါသည်''ဟူ၍ နားလည် သဘောပေါက်မိပါသည်။

(ခ) ဆုံးမစာ (၂)ကို ရှင်းပြပါ။

ဆုံးမစာ (၂)မှာ ''ငြိမ်သက်သော ကွန်ဖြေရှိသူ၊ တည်ငြိမ်မှု ရှိသူ၊ သန္ဓေစိတ်ထားကောင်းမွန်သူ၊ အလွန်တရာ မှန်ကန် ဖြောင့်မတ်သူ ဟူသော သူတော်ကောင်းတရားနှင့် လိုက်လျောညီထွေ ဖြစ်ပါစေ''ဟူ၍ အဓိပ္ပာယ် ရပါသည်။

(ဂ) ဆုံးမစာ (၃)၏ ဆိုလိုရင်းကို ပြောပြပါ။

ဆုံးမစာ (၃)၏ ဆိုလိုရင်းမှာ ''လူကြီးသူမ ဆိုဆုံးမသူတို့၏ မမြင်ကွယ်ရာ အရပ်ဒေသ၌ ငါတကော ကောကာ၊ မိမိသဘောအတိုင်း ထင်တိုင်းပြုမူကျင့်ကြံတတ်သူဟု ပြောစရာ ဖြစ်စေပြီး၊ လူအချင်းချင်း မေတ္တာကင်းအောင် သတင်းဆိုး မထွက်ပါစေနှင့်''ဟူ၍ ဖြစ်ပါသည်။

http://www.dhammadownload.com

(ဃ) ဆုံးမစာ (၄)သည် မည်သို့ ဆိုလိုပါသနည်း။
ဆုံးမစာ (၄)သည် ''မရိုးမဖြောင့်သော အမှု၊ မတရားသော အမှုတို့ကို လုံးဝ ပြုလုပ်သူ မဟုတ်ဟူ၍ လူသူအပေါင်းက မေတ္တာထားကာ ချီးမွမ်းခံရသူ ဖြစ်ပါစေ''ဟု ဆိုလိုပါသည်။

(င) ဆုံးမစာ (၅)၏ အဓိပ္ပာယ်ကို ပြောပြပါ။
ဆုံးမစာ (၅)၏ အဓိပ္ပာယ်မှာ ''ရင်ဝယ်ဖြစ်သော သားသမီးများကို မိဘများက ဆိုဆုံးမ သွန်သင်သကဲ့သို့ ဆရာသမားများက တပည့်အပေါင်းကို လိမ္မာစေကြောင်း၊ ကောင်းရာ ကောင်းကြောင်း ဆိုဆုံးမသည်ကို မကြားယောင် ပြုနေပါက၊ ယခုမျက်မှောက် ဘဝတွင် သာမက နောင်သံသရာ ဆက်တိုင်းတွင် ချမ်းသာမည့် အရေးနှင့် အလွန်ဝေးကွာလှပေမည်''ဟူ၍ ဖြစ်ပါသည်။

(စ) ဆုံးမစာ (၅)အရ မည်သည်ကို လိုက်နာရမည်နည်း။
ဆုံးမစာ (၅)အရ ဆရာသမားများက တပည့်အပေါင်းကို လိမ္မာစေကြောင်း၊ ကောင်းရာ ကောင်းကြောင်း ဆိုဆုံးမသည်ကို လိုက်နာကြရမည် ဖြစ်ပါသည်။

လုပ်ငန်း(၃)။ ။ အောက်ပါ မေးခွန်းများကို အုပ်စုများ ခွဲ၍ ယှဉ်ပြိုင် ဖြေဆိုပါ။

(က) မည်သို့သော သူနှင့် ပေါင်းသင်းရမည်နည်း။
သူတော်ကောင်းနှင့် ပေါင်းသင်းဆက်ဆံရပါမည်။

(ခ) ရှောင်လွှဲရမည့်သူမှာ မည်သူ ဖြစ်သနည်း။
ရှောင်လွှဲရမည့်သူမှာ လူမိုက် ဖြစ်ပါသည်။

(ဂ) သူတော်ကောင်းနှင့် သူယုတ်မာ သင့်မည်သို့ ခွဲခြားမည်နည်း။
သူတော်ကောင်းသည် ငြိမ်သက်သော ကျွန်ုပ်ရှိသူ၊ တည်ကြည်မှု ရှိသူ၊ သန္ဓေစိတ်ထား ကောင်းမွန်သူ၊ အလွန်တရာ ဖြောင့်မတ် မှန်ကန်သူ၊ စိတ်လိုက်မာန်ပါ မရှိသူ၊ ကိုယ်နှုတ် အမှုအရာ စောင့်ထိန်းသူ ဖြစ်ပါသည်။
သူယုတ်မာမှာ ကြမ်းတမ်းသူ၊ ညစ်ညမ်းသူ၊ ယုတ်မာသူ ဖြစ်ပါသည်။

http://www.dhammadownload.com

(ဃ) ရပ်ကွက်ထဲတွင် လူအများ ချစ်ခင်ခြင်းခံရသူ၊ မုန်းတီးခြင်းခံရသူ ရှိပါသလား။ အဘယ့်ကြောင့် ချစ်ခင် ခံရသည် (သို့) မုန်းတီး ခံရသည်ဟု ထင်ပါသနည်း။

ရပ်ကွက်ထဲတွင် လူအများ ချစ်ခင်ခြင်း ခံရသူ ရှိပါသည်။ အဘယ့်ကြောင့် ချစ်ခင်ခြင်း ခံရသနည်းဆိုသော် မရိုးမဖြောင့်သော အမှု၊ မတရားသော အမှုတို့ကို လုံးဝ ပြုလုပ်သူ မဟုတ်သောကြောင့် ဖြစ်ပါသည်။ ထို့အတူ မုန်းတီးခြင်း ခံရသူလည်း ရှိပါသည်။ အဘယ့်ကြောင့် မုန်းတီးခံရသနည်း ဆိုသော် လူကြီးသူမ ဆိုဆုံးမသူတို့၏ မမြင်ကွယ်ရာ အရပ်ဒေသ၌ ငါတကော ကောကာ၊ မိမိ သဘောအတိုင်း ထင်တိုင်း ပြုမူတတ်သောကြောင့် ဖြစ်ပါသည်။

(င) ဆရာများက တပည့်များအား အဘယ့်ကြောင့် ဆိုဆုံးမသနည်း။

ဆရာများက တပည့်များအား လိမ္မာစေကြောင်း ကောင်းစေလိုသော အကြောင်းတို့ကြောင့် ဆိုဆုံးမခြင်း ဖြစ်ပါသည်။

*

၅။ တတ်မြောက်မှု စစ်ဆေးခြင်း

အောက်ပါ မေးခွန်းများကို ဖြေဆိုပါ။

မေး (က)။ မည်သည်ကို ခွဲခြားသိ၍၊ မည်သူကို ရွေးချယ်ပေါင်းသင်းကာ မည်သူကို ရှောင်ရှားရမည်နည်း။

ဖြေ ။ ။ ဤသူသည် မြင့်မြတ်သူ၊ ဤသူကား ညစ်ညမ်းကြမ်းတမ်းသူ၊ ဤသူမှာ ယုတ်မာသူဟူ၍ လူသုံးရပ်ကို ခွဲခြား သိရပါမည်။ သူတော်ကောင်းကို ရွေးချယ် ပေါင်းသင်းကာ လူမိုက်ကို ရှောင်ရှားရပါမည်။

မေး (ခ)။ သူတော်ကောင်း (လူကောင်း)တို့၏ အရည်အသွေးများကို သင် သိသရွေ့ ပြောပြပါ။

ဖြေ ။ ။ သူတော်ကောင်း (လူကောင်း)တို့၏ အရည်အသွေးများမှာ ''ငြိမ်သက်သော ကျန်ခြေရှိခြင်း၊ တည်ကြည်မှု ရှိခြင်း၊ သန္ဓေစိတ်အား ကောင်းမွန်ခြင်း၊ အလွန်တရာ မှန်ကန် ဖြောင့်မတ်ခြင်း၊ စိတ်လိုက်မာန်ပါ မရှိခြင်း၊ ကိုယ်နှုတ် အမှုအရာ စောင့်ထိန်းခြင်း''တို့ ဖြစ်ပါသည်။

http://www.dhammadownload.com

မေး (ဂ)။ မကောင်းသတင်း ကျော်ဇောသူကို လူအများက မေတ္တာထားကြမည်လော။ မေတ္တာမဲ့ကြမည်လော။

ဖြေ ။ ။ မကောင်းသတင်း ကျော်ဇောသူကို လူအများက မေတ္တာမဲ့ကြပါသည်။

မေး (ဃ)။ လူအများ မေတ္တာထား၍ ချီးမွမ်း ပြောဆိုခြင်း ခံရသူသည် မည်သို့သော အပြုအမူမျိုးကို မပြုလုပ်သူ ဖြစ်ပါသနည်း။

ဖြေ ။ ။ လူအများ မေတ္တာထား၍ ချီးမွမ်း ပြောဆိုခြင်း ခံရသူသည် မရိုးမဖြောင့်သော အမှု၊ မတရားသော အမှုတို့ကို လုံးဝ မပြုလုပ်သူ ဖြစ်ပါသည်။

မေး (င)။ ဆရာသမားများ၏ ဆုံးမစကားကို နားမထောင်လျှင် မည်သို့ ဖြစ်နိုင်သနည်း။

ဖြေ ။ ။ ဆရာသမားများ၏ ဆုံးမစကားကို နားမထောင်လျှင် ယခု မျက်မှောက်ဘဝတွင် သာမက နောင်သံသရာ ဆက်တိုင်းတွင် ချမ်းသာမည့်အရေး အလွန်ဝေးမည် ဖြစ်ပေသည်။

* * *

အခန်း (၅)

၁။ သင်ခန်းစာခေါင်းစဉ်

"ရှင်မဟာသီလဝံသ၏ ဆုံးမစာ ငါးချက်" (ပထမပိုင်း)

၂။ သင်ယူမှု ဦးတည်ချက်

(က) ယေဘုယျ ဦးတည်ချက်

တပည့်သူငယ်တို့၏ ဘဝတွင် ကျင့်သုံး လိုက်နာအပ်သည်များကို ပြောပြတတ်ရန်။

(ခ) အသေးစိတ် ဦးတည်ချက်များ

၁။ မိဘဆရာကို ရိုသေရမည် ဖြစ်ကြောင်း ပြောပြတတ်ရန်။

၂။ ယဉ်ကျေးသိမ်မွေ့စွာ ပြောဆို လုပ်ကိုင်သင့်ကြောင်း ရှင်းပြတတ်စေရန်။

http://www.dhammadownload.com

၃။ သင်ကြား/သင်ယူမှုအထောက်အကူပစ္စည်းများ

ရှင်မဟာသီလဝံသ၏ ဆုံးမစာ (၅)ချက် ရေးသားထားသော ကားချပ်။ လူကြိုးများ ရှေ့မှ ခါးကိုင်းညွှတ်၍ သွားနေပုံ၊ စားသောက်ဖွယ်ရာကို လက်နှစ်ဖက်ဖြင့် ပေးနေပုံ၊ ဆရာ စာသင်သည်ကို စိတ်ဝင်စားစွာ အာရုံစူးစိုက်နေသော စာသင်ခန်း တစ်ခန်းပုံ စသည့် ရုပ်ပုံကားချပ်များ။

၄။ သင်ကြား/သင်ယူမှုလုပ်ငန်း အဆင့်ဆင့်

လုပ်ငန်း(၁)။ ။ ရှင်မဟာသီလဝံသ၏ ဆုံးမစာ ငါးချက် ရေးသားထားသော ကားချပ်ကို ဆရာမှ ရွတ်ဆိုပြ၍ ကျောင်းသားများအား အုပ်စုဖွဲ့ ရွတ်ဆိုခိုင်းပါ။

''ရှင်မဟာသီလဝံသ၏ ဆုံးမစာ''

(က) တိလောကဟု၊ မရန္တိုးတူ၊ ဘက်မပြုသည့်၊ သုံးဆူရတနာ၊ မာတာပိတာ၊ ဆရာသမား၊ အရှင်များကို၊ ပြစ်မှားမဆို၊ ရှိသေကြစေ။

(ခ) ရိုင်းစိုင်းနိုးကပ်၊ မကိုင်းမညွှတ်ပဲ၊ မတ်တတ်ထိုး၍ မသွားနှင့်။

(ဂ) စားဖွယ်စားရာ၊ ကပ်သောအခါလည်း၊ ချဉ်းကပ်နီးစေ၊ ခြေစုံနေ၍၊ ရှိသေကိုင်းညွှတ် ချဉ်း၍ကပ်။

(ဃ) မိဉီး ဘဉီး၊ ဆရာဉီးကို၊ ခွေး၍အလျင် မစားနှင့်။

(င) မသင့်တတ်ငြား၊ ရန်စကားဖြင့်၊ ထွေပြားပွေလီ၊ တစီစီနှင့်၊ တဟီဟီသည့် ကျီစား၍လည်း မနေနှင့်။

လုပ်ငန်း(၂)။ ။ အောက်ပါမေးခွန်းများကို တစ်ဦးချင်း အလှည့်ကျ ဖြေဆိုခိုင်းပါ။

(က) ဆုံးမစာ (၁)ကို နားလည်သရွေ့ ရှင်းပြပါ။

ဆုံးမစာ (၁)ကို ''လောကသုံးပါး၌ မည်သည့် အရာနှင့်မျှ နှိုင်းယှဉ်တုပ၍ မရသော ပြိုင်ဘက်ကင်းသော သုံးပါးသော ရတနာ ဖြစ်သည့် ဘုရား၊ တရား၊ သံဃာနှင့်တကွ၊ မိဘ ဆရာသမားတို့ကို ပြစ်မှားခြင်း မပြုရပါ။ ရှိသေစွာ ဆက်ဆံကြရပါမည်''ဟု ကျွန်ုပ် နားလည်သဘော ပေါက်မိပါသည်။

(ခ) ဆုံးမစာ (၂)၏ အဓိပ္ပာယ်ကို ပြောပြပါ။

ဆုံးမစာ (၂)၏ အဓိပ္ပာယ်မှာ ''သံဃာတော်နှင့် မိဘဆရာတို့၏ အနီးအပါး သွားလာရာတွင် ရိုင်းစိုင်းသော အမူအရာဖြင့် ကိုယ်ကို မတ်မတ်ထား၍ မသွားရဘဲ ကိုယ်ကို ကိုင်းညွှတ်၍ ရှိသေစွာ သွားလာရပါမည်'' ဟူ၍ ဖြစ်ပါသည်။

http://www.dhammadownload.com

(ဂ) ဆုံးမစာ (၃)၏ ဆိုလိုချက်ကို ရှင်းပြပါ။
ဆုံးမစာ (၃)၏ ဆိုလိုချက်မှာ ''စားသောက်ဖွယ်ရာများကို ပေးကပ်လျှုဒါန်း သောအခါ၌လည်း အနီးသို့ ရောက်အောင် ချဉ်းကပ်ပြီးမှ ခြေစုံရပ်ကာ ကိုယ်ကို ကိုင်းညွှတ်၍ ရိုသေစွာ ကပ်လှူကြရပါမည်'' ဟူ၍ ဖြစ်ပါသည်။

(ဃ) ဆုံးမစာ (၄)ကို သင် မည်သို့ သဘောပေါက်သနည်း။
ဆုံးမစာ (၄)ကို ''အစားအသောက်များ စားသောက်ရာတွင် မိခင်၊ ဖခင်၊ ဆရာသမားတို့ထက် အလျဉ်ဦးအောင် ခူးခပ် စားသောက်ခြင်း မပြုနှင့်'' ဟု ကျွန်ုပ် သဘောပေါက်မိပါသည်။

(င) ဆုံးမစာ (၅)သည် မည်သို့ ဆိုလိုသနည်း။
ဆုံးမစာ (၅)သည် ''သူငယ်ချင်း အချင်းချင်း မသင့်မြတ်သည့် သဏ္ဌာန် ဖြင့် ရန်စကား ပြောဆို နောက်ပြောင်ခြင်း၊ ထွေပြားပွေလီသော စကား များဖြင့် ဆူညံစွာ ပြောဆိုခြင်း၊ တဟီးဟီး၊ တဟားဟားဖြင့် ရယ်မော နောက်ပြောင် ကျီစယ်ခြင်းများ မပြုလုပ်ပါနှင့်'' ဟု ဆိုလိုခြင်း ဖြစ်ပါသည်။

လုပ်ငန်း(၃)။ ။ မိဘဆရာ လူကြီးသူမများ၏ ရှေ့မှ သွားလျှင် မည်သို့ သွားရမည်ကို တစ်ဦး ချင်း သရုပ်ပြခိုင်းပါ။

လုပ်ငန်း(၄)။ ။ မိဘ၊ ဆရာ၊ လူကြီးသူမများကို စားသောက်ဖွယ်ရာ ပေးသောအခါ မည်သို့ ပေးရမည်ကို တစ်ဦးချင်း သရုပ်ပြခိုင်းပါ။

လုပ်ငန်း(၅)။ ။ အောက်ပါမေးခွန်းများကို အုပ်စုတွင် ဆွေးနွေးပြီး အတန်းသို့ ပြန်လည် တင်ပြခိုင်းပါ။

(က) အနန္တော၊ အနန္တ ငါးပါး ဆိုသည်ကို သိပါသလား။ သိလျှင် ပြောပြပါ။
အနန္တော၊ အနန္တ ငါးပါး ဆိုသည်မှာ ဘုရား၊ တရား၊ သံဃာ၊ မိဘနှင့် ဆရာသမားတို့ ဖြစ်ပါသည်။

(ခ) အနန္တော၊ အနန္တ ငါးပါးကို ပြစ်မှားသင့်သလား၊ ရိုသေသင့်သလား။
အနန္တော၊ အနန္တ ငါးပါးကို ရိုသေသင့်ပါသည်။

http://www.dhammadownload.com

(ဂ) မိဘများ၊ လူကြီးသူမများ မစားမီ စားသောက်လျှင် မည်သို့ ပြုလုပ်ပြီးမှ စားသောက်ရမည်နည်း။

မိဘများ၊ လူကြီးသူမများ မစားမီ စားသောက်လျှင် စားဦးစားဖျားများကို ဦးချဖယ်ထားပြီးမှ စားသောက်ရပါမည်။

(ဃ) သူငယ်ချင်း အချင်းချင်း ရန်စကား ပြောဆို၍ နောက်ပြောင် ကျီစယ်ခြင်း မျိုး ပြုလုပ်ခြင်းသည် လိမ္မာယဉ်ကျေးသော ကျောင်းသားများ၏ အပြုအမူ ဟုတ်ပါသလား။

သူငယ်ချင်း အချင်းချင်း ရန်စကား ပြောဆို၍ နောက်ပြောင် ကျီစယ်ခြင်း **မျိုး** ပြုလုပ်ခြင်းသည် လိမ္မာယဉ်ကျေးသော ကျောင်းသားများ၏ အပြုအမူ မဟုတ်ပါ။

(င) စာသင်ခန်း**အတွင်း တစ်ဦးကို** တစ်ဦး နောက်ပြောင် ကျီစယ်၍ တဟီးဟီး **တဟားဟား ပြုလုပ်နေသူများ**သည် မည်သို့သော ကျောင်းသားမျိုးဟု ပြောနိုင်သနည်း။

စာသင်ခန်း**အတွင်း** တစ်ဦး**ကို တစ်ဦး** နောက်ပြောင် ကျီစယ်၍ တဟီးဟီး တဟားဟား ပြုလုပ်နေသူ**များသည်** ရိုင်းစိုင်းသော ကျောင်းသားမျိုးဟု ပြောနိုင်ပါသည်။

*

၅။ တတ်မြောက်မှု စစ်ဆေးခြင်း

အောက်ပါ မေးခွန်းများကို ဖြေဆိုပါ။

မေး (က)။ မည်သူတို့ကို ရိုသေရမည်နည်း။

ဖြေ ။ ။ ဘုရား၊ တရား၊ သံဃာ၊ မိဘနှင့် ဆရာသမားတို့ကို ရိုသေရပါမည်။

မေး (ခ) ။ ယဉ်ကျေးသိမ်မွေ့သော အပြုအမူများကို ပြောပြပါ။

ဖြေ ။ ။ ယဉ်ကျေးသိမ်မွေ့သော အပြုအမူများမှာ ''(၁) ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာသမားတို့ကို ရိုသေ ကိုင်းရှိုင်းခြင်း၊ (၂) သံဃာတော်နှင့် မိဘ၊ ဆရာသမားတို့၏ အနီးသွားလျှင် ကိုယ်ကို ကိုင်းညွှတ်၍ သွားတတ်ခြင်း၊ (၃) စားသောက်ဖွယ်ရာများ ဆက်ကပ် လှူဒါန်းသည့်အခါ အနီးသို့ ကပ်၍ ကိုယ်ကို ညွှတ်ကိုင်း၍ ရိုသေစွာ ကပ်လှူ

http://www.dhammadownload.com

ခြင်း၊ (၄) အစားအသောက်များကို မိဘ၊ ဆရာသမားတို့ထက် အလျှဉ်ဦးအောင် ခူးခပ် မစားခြင်း၊ (၅) သူငယ်ချင်း အချင်းချင်း နောက်ပြောင် ကျီစယ်ခြင်း မပြုဘဲ၊ ကောင်းမွန်စွာ ဆက်ဆံနေထိုင်တတ်ခြင်း'' စသည်တို့ ဖြစ်ပါသည်။

မေး (၇)။ အမှုအရာကို ကြည့်၍ ယဉ်ကျေးသူ ရိုင်းစိုင်းသူ ခွဲခြားနိုင်ပါသလား။
ဖြေ ။ ။ အမှုအရာကို ကြည့်၍ ယဉ်ကျေးသူ ရိုင်းစိုင်းသူ ခွဲခြားနိုင်ပါသည်။

မေး (ဃ)။ ကျောင်းသား အချင်းချင်း မည်သို့ နေထိုင်ရမည်နည်း။
ဖြေ ။ ။ ကျောင်းသား အချင်းချင်း ယဉ်ကျေးသိမ်မွေ့စွာ ဆက်ဆံ၍ ချစ်ချစ်ခင်ခင် နေထိုင်ကြရပါမည်။

* * *

အခန်း (၆)

၁။ သင်ခန်းစာခေါင်းစဉ်
''ရှင်မဟာသီလဝံသ၏ ဆုံးမစာ ငါးချက်'' (ဒုတိယပိုင်း)

၂။ သင်ယူမှု ဦးတည်ချက်

(က) ယေဘုယျ ဦးတည်ချက်

တပည့်သူငယ်တို့၏ ဘဝတွင် ကျင့်သုံး လိုက်နာအပ်သည်များကို ပြောပြတတ်ရန်။

(ခ) အသေးစိတ် ဦးတည်ချက်များ

၁။ ဟောပြော ဆုံးမသည့် အခါများတွင် ရယ်မောလှောင်ပြောင်ခြင်း မပြုလုပ်မိစေရန်။
၂။ စာကို ကောင်းစွာ သင်အံ လေ့လာတတ်ရန်။
၃။ ပညာမရှိလျှင် သူတစ်ပါး၏ နောက်လိုက် ဖြစ်နိုင်ကြောင်း ပြောပြတတ်ရန်။
၄။ သူတစ်ပါး၏ နောက်လိုက် ဝန်ထမ်းသည် ဝမ်းမဝ ဖြစ်တတ်ကြောင်း ရှင်းပြတတ်ရန်။

၃။ သင်ကြားမှု/သင်ယူမှုအထောက်အကူပစ္စည်းများ

ရှင်မဟာသီလဝံသ၏ ဆုံးမစာ (၅)ချက် ရေးသားထားသော ကားချပ်။ အလုပ်ရှင် ခိုင်းစေသည်ကို လုပ်ကိုင်နေရသော အလုပ်သမား တစ်ယောက်၏ ရုပ်ပုံကားချပ်၊ ဆရာထံတွင် စာအံနေသော ကျောင်းသား တစ်ယောက်၏ ရုပ်ပုံကားချပ်၊ ရေခဲချောင်း ရောင်းနေသော ကလေး တစ်ယောက်၏ ရုပ်ပုံကားချပ်။

http://www.dhammadownload.com

၄။ သင်ကြား/သင်ယူမှုလုပ်ငန်း အဆင့်ဆင့်

လုပ်ငန်း(၁)။ ။ ရှင်မဟာသီလဝံသ၏ ဆုံးမစာ ငါးချက် ရေးထားသော ကားချပ်ကို ချိတ်ဆွဲ၍ ဆရာမ တိုင်ပေးပြီး ကျောင်းသားများအား အုပ်စုခွဲ ရွတ်ဆိုခိုင်းပါ။

''ရှင်မဟာသီလဝံသ၏ ဆုံးမစာ''

၁။ တရားပေစာ၊ ဟောသောအခါလည်း၊ နူတ်မှာ မစောင့်၊ တစ်ထောင့်စကား၊ တဟားဟားသည်၊ ရိုင်းကား မိုက်မဲ မပြောနှင့်။

၂။ အချိန်တန်၍၊ စာအံဆိုလျှင်၊ မရွှင်မျက်နှာ၊ မသာမချို၊ ထိုထိုအကြံ၊ ကြိုးစွာဖန်၍၊ မအံတစ်ခါ၊ အံတစ်ခါနှင့်၊ မျက်နှာတစ်ပါး၊ စာတခြားလည်း၊ စကားပြောဟော၊ တသောသောသည်၊ ရယ်မောခြင်းလည်း မနေနှင့်။

၃။ ဗဟုသုတ၊ တတ်ပါချင်လျှင်၊ သင်သာခိုက်ကို သင်လိုက်ကြ။

၄။ ပညာမရ၊ လျှပ်ပေါ်လှ၊ သူများနောက်လိုက်သာ။

၅။ နောက်လိုက်ဝန်ထမ်း၊ လူညစ်နွမ်း၊ ဝမ်းမျှမဝပါ။

လုပ်ငန်း(၂)။ ။ အောက်ပါမေးခွန်းများကို ကျောင်းသား တစ်ဦးချင်း အလှည့်ကျ ဖြေဆိုခိုင်းပါ။

(က) ဆုံးမစာ (၁)ကို နားလည်သလို ရှင်းပြပါ။

ဆုံးမစာ (၁)မှာ ''ဆရာ ဖြစ်သူက တရားပေစာများ ဟောပြော ဆုံးမသည့် အခါများတွင် နူတ်မစောင့်စည်းဘဲ စကားများ ပြောဆိုရယ်မောလှောင်ပြောင်ခြင်း၊ မိုက်မဲ ရိုင်းစိုင်းသော စကားများ ပြောနေခြင်း မပြုပါနှင့်''ဟု နားလည်မိပါသည်။

(ခ) ဆုံးမစာ (၂)ကို သင် မည်သို့ သဘောပေါက်သနည်း။

ဆုံးမစာ (၂)ကို ''စာကျက်ချိန်တန်၍ စာကျက်ခိုင်းလျှင် မရွှင်ပျ မသာယာသော မျက်နှာဖြင့် အကြံအစည်ထုတ်ကာ၊ စာကျက်တစ်လှည့်၊ မကျက်တစ်လှည့်နှင့် မျက်နှာတခြား စာအုပ်တခြား ထားကာ အခြားသို့ လှည့်၍ စကား ပြောနေခြင်း၊ တသောသောနှင့် ရယ်မောနေခြင်း မပြုပါနှင့်''ဟု ကျွန်ုပ် သဘောပေါက်ပါသည်။

(ဂ) ဆုံးမစာ (၃)သည် မည်သို့ ဆိုလိုပါသနည်း။

ဆုံးမစာ (၃)သည် ''ဗဟုသုတ ရလိုပါလျှင်၊ စာပေ တတ်မြောက်လိုလျှင်၊ အခွင့်သာသည့် အခိုက်တွင် ကြိုးစားအားထုတ်၍ သင်ယူကြပါ''ဟု ဆိုလိုပါသည်။

http://www.dhammadownload.com

၃။ ဗဟုသုတ၊ တတ်ပါချင်လျှင်၊ သင်သာခိုက်ကို သင်လိုက်ကြ။
၄။ ပညာမရ၊ လျှပ်ပေါ်လှ၊ သူများနောက်လိုက်သာ။
၅။ နောက်လိုက်ဝန်ထမ်း၊ လူ့စွန့်စွန်မ်း၊ ဝမ်းမျှမဝပါ။

လုပ်ငန်း(၂)။ ။ အောက်ပါမေးခွန်းများကို ကျောင်းသား တစ်ဦးချင်း အလှည့်ကျ ဖြေဆိုခိုင်းပါ။

(က) ဆုံးမစာ (၁)ကို နားလည်သလို ရှင်းပြပါ။

ဆုံးမစာ (၁)မှာ ''ဆရာ ဖြစ်သူက တရားပေစာများ ဟောပြော ဆုံးမသည့် အခါများတွင် နှုတ်မစောင့်စည်းဘဲ စကားများ ပြောဆိုရယ်မောလှောင်ပြောင်ခြင်း၊ မိုက်မဲ ရိုင်းစိုင်းသော စကားများ ပြောနေခြင်း မပြုပါနှင့်''ဟု နားလည်မိပါသည်။

(ခ) ဆုံးမစာ (၂)ကို သင် မည်သို့ သဘောပေါက်သနည်း။

ဆုံးမစာ (၂)ကို ''စာကျက်ချိန်တန်၍ စာကျက်ခိုင်းလျှင် မရွှင်ပျ မသာယာသော မျက်နှာဖြင့် အကြံအစည်ထုတ်ကာ၊ စာကျက်တစ်လှည့်၊ မကျက်တစ်လှည့်နှင့် မျက်နှာတခြား စာအုပ်တခြား ထားကာ အခြားသို့ လှည့်၍ စကား ပြောနေခြင်း၊ တသောသောနှင့် ရယ်မောနေခြင်း မပြုပါနှင့်''ဟု ကျွန်ုပ် သဘောပေါက်ပါသည်။

(ဂ) ဆုံးမစာ (၃)သည် မည်သို့ ဆိုလိုပါသနည်း။

ဆုံးမစာ (၃)သည် ''ဗဟုသုတ ရလိုပါလျှင်၊ စာပေ တတ်မြောက်လိုလျှင်၊ အခွင့်သာသည့် အခိုက်တွင် ကြိုးစားအားထုတ်၍ သင်ယူကြပါ''ဟု ဆိုလိုပါသည်။

(ဃ) ဆုံးမစာ (၄)နှင့် (၅)၏ အဓိပ္ပာယ်ကို ပြောပြပါ။

ဆုံးမစာ (၄)နှင့် (၅)၏ အဓိပ္ပာယ်မှာ ''ပညာမဲ့လျှင်၊ သူတစ်ပါး၏ နောက်လိုက်၊ သူတစ်ပါး၏ ဝန်းထမ်းသာ ဖြစ်ပြီး၊ ဆင်းရဲဒုက္ခ ရောက်မည်သာ ဖြစ်သည်''ဟု အဓိပ္ပာယ် ရပါသည်။

http://www.dhammadownload.com

လုပ်ငန်း(၃)။ ။ ရေခဲချောင်း ရောင်းနေသော ကလေးငယ်၏ ရုပ်ပုံကားချပ်ကို ကြည့်၍ အောက်ပါမေးခွန်းများကို အုပ်စုတွင် ဆွေးနွေးပြီး အတန်းသို့ ပြန်လည် တင်ပြပါ။

(က) ဤကလေးကဲ့သို့ စာသင်ချိန်တွင် စျေးရောင်းခြင်းအလုပ် လုပ်နေရသော ကလေးများကို တွေ့ဖူးပါသလား။

(ခ) ထိုကလေးများသည် အဘယ်ကြောင့် စာသင်ခန်းထဲ ရောက်မလာကြသနည်း။

(ဂ) သင်သည် ဤကလေးများကဲ့သို့ အလုပ် လုပ်ချင်ပါသလား။

(ဃ) စာသင်ခြင်းနှင့် စျေးရောင်းခြင်းတွင် သင် မည်သည့် အလုပ်ကို နှစ်သက်ပါသနည်း။ အဘယ်ကြောင့်နည်း။

(င) ကျောင်းသား တစ်ယောက်၏ တာဝန်သည် မည်သည်တို့ ဖြစ်သနည်း။

(စ) ဆရာများက ဆုံးမစကား ပြောကြားသည့်အခါ တဟားဟားနှင့် ပြုမူလှောင်ပြောင်ခြင်း ပြုသူသည် ရိုင်းစိုင်းသူလော ယဉ်ကျေးသူလော။

(ဆ) စာသင်ချိန်တွင် စကားများ၍ ရယ်မောနေသူသည် ဆရာ သင်ကြားသော စာများကို ကောင်းစွာ မှတ်မိနိုင်ပါသလား။

လုပ်ငန်း(၄)။ ။ အလုပ်ရှင် ခိုင်းစေသည်ကို လုပ်ကိုင်နေရသော အလုပ်သမား ရုပ်ပုံကားကို ကြည့်၍ အောက်ပါ မေးခွန်းများကို အုပ်စုတွင်း ဆွေးနွေးပြီး အတန်းသို့ ပြန်လည် တင်ပြပါ။

(က) ဤပုံထဲတွင် မည်သူက အလုပ်ရှင် မည်သူက အလုပ်သမားဟု သင် ထင်သနည်း။

(ခ) သူတစ်ပါးခိုင်းစေသည်ကို လုပ်ရသောသူသည် ပညာတတ်သူ ဖြစ်နိုင်သလား ပညာမဲ့သူ ဖြစ်နိုင်သလား။

(ဂ) လုပ်ငန်းရှင်နှင့် နောက်လိုက်ဝန်ထမ်းတို့တွင် မည်သူက စားဝတ်နေရေး ပိုမို ပြည့်စုံနိုင်ပါသနည်း။

(ဃ) သူတစ်ပါးကို ခိုင်းစေနိုင်သူနှင့် သူတစ်ပါး၏ ခိုင်းစေခြင်း ခံရသူ သင် မည်သူ ဖြစ်လိုသနည်း။

* * *

http://www.dhammadownload.com

၅။ တတ်မြောက်မှု စစ်ဆေးခြင်း

မေး ။ ။ အောက်ပါ မေးခွန်းများကို ဖြေဆိုပါ။

မေး (က)။ ဟောပြောဆုံးမသည့် အခါများတွင် မည်ကဲ့သို့ နေထိုင်ခြင်း မပြုရမည်နည်း။

ဖြေ ။ ။ ဟောပြောဆုံးမသည့် အခါများတွင် နူတ်မစောင့်စည်းဘဲ စကားများ ပြောဆိုရယ်မော လှောင်ပြောင်ခြင်း၊ မုဒ်မဲ ရိုင်းစိုင်းသော စကားများ ပြောနေခြင်း မပြုရပါ။

မေး (ခ) ။ စာပေ သင်ကြားသည့်အခါ ရှောင်ရှားရမည့် အပြုအမူများကို ဖော်ပြပါ။

ဖြေ ။ ။ စာပေ သင်ကြားသည့်အခါ ရှောင်ရှားရမည့် အပြုအမူများမှာ မျက်နှာတခြား၊ စာအုပ်တခြား ထားကာ အခြားသို့ လှည့်၍ စကား ပြောနေခြင်း၊ တသောသောနှင့် ရယ်မော နေခြင်း စသည်တို့ ဖြစ်ပါသည်။

မေး (ဂ) ။ ပညာမရှိလျှင် မည်သို့သောသူ ဖြစ်တတ်သနည်း။

ဖြေ ။ ။ ပညာမရှိလျှင် သူဇာစပ်ပါး၏ နောက်လိုက် သူတစ်ပါး၏ ဝန်ထမ်း ဖြစ်တတ်ပါသည်။

မေး (ဃ)။ ဝမ်းစာ ရှာဖွေရာတွင် မလောက်မငဖြစ်နေသော သူများသည် များသောအားဖြင့် မည်သို့သော သူမျိုးများ ဖြစ်သနည်း။

ဖြေ ။ ။ ဝမ်းစာ ရှာဖွေရာတွင် မလောက်မငဖြစ်နေသော သူများသည် များသောအားဖြင့် ပညာမဲ့သူများ ဖြစ်ပါသည်။

* * *

http://www.dhammadownload.com

အခန်း (၇)

၁။ သင်ခန်းစာခေါင်းစဉ်

"အမျိုးမြတ်သူနှင့် ပညာရှိသူတို့၏ လက္ခဏာ" (အပိုဒ်း-၁၄)

၂။ သင်ယူမှု ဦးတည်ချက်များ

(က) ယေဘုယျ ဦးတည်ချက်

ပညာရှိ၊ မရှိ ခွဲခြားတတ်စေရန်။

(ခ) အသေးစိတ် ဦးတည်ချက်များ

၁။ ရေတိမ်ရေနက်၏ သဘောကို ကြာရိုးကို ကြည့်လျှင် သိနိုင်ကြောင်း ပြောပြတတ်ရန်။

၂။ ကိုယ်အမူအရာ နှုတ်အမူအရာသည် အကျင့်စရိုက် မျိုးရိုးဗီဇကို ဖော်ပြကြောင်း ရှင်းပြတတ်ရန်။

၃။ ပြောဆိုသမျှ စကားများသည် ပညာညွှန် အတိမ်အနက်ကို ပြသနေကြောင်း ဖော်ပြတတ်ရန်။

၃။ သင်ကြားမှု/သင်ယူမှုအထောက်အကူပစ္စည်းများ

လောကနီတိ ပညာရှိဆိုရာ အခန်းအပိုဒ် (၁၄)ကို ရေးသားထားသော ကားချပ်။ ရေကန်အတွင်း ကြာပန်းများ ပွင့်နေပုံ ပန်းချီကား၊ ကြာပန်းများ၊ မြက်ပင်များ။

၄။ သင်ကြား/သင်ယူမှုလုပ်ငန်း အဆင့်ဆင့်

လုပ်ငန်း(၁)။ ။ လောကနီတိ ပညာရှိဆိုရာ အခန်းအပိုဒ် (၁၄) ရေးသားထားသော ကားချပ်ကို ချိတ်ဆွဲ၍ ဆရာမှ တိုင်ပေးပြီး ကျောင်းသားများအား လိုက်၍ ဆိုခိုင်းပါ။

"အမျိုးမြတ်သူနှင့် ပညာရှိသူတို့၏ လက္ခဏာ"

လောကနီတိ ပညာရှိဆိုရာ အခန်းအပိုဒ် (၁၄)

(က) ရေတိမ်ရေနက်၏ သဘောကို ကြာရိုးကို မြင်၍ သိနိုင်၏။

(ခ) အမျိုးယုတ်၊ အမျိုးမြတ် ဖြစ်ကြောင်းကို ကိုယ်အမူအရာ၊ နှုတ်အမူအရာကို ကြည့်၍ သိနိုင်၏။

http://www.dhammadownload.com

(ဂ) ပညာရှိသည် မရှိသည်ကို ပြောဆိုသော စကားကို ထောက်ချင့်၍ သိနိုင်၏။

(ဃ) မြေကောင်းသည် မကောင်းသည်ကို မြေပေါ်၌ ပေါက်သော မြက်ပင် ညှိုးသည် မညှိုးသည်ကို မြင်၍ သိနိုင်၏။

လုပ်ငန်း(၂)။ ။ ကျောင်းသားများအား ကြာပန်းများ ရှာဖွေယူခဲ့ခိုင်းပြီး ကြာရိုးအတိုအရှည် လေ့လာစေကာ ရေအတိမ်အနက် ခန့်မှန်းခိုင်းပါ။

လုပ်ငန်း(၃)။ ။ မြက်ပင်များ နုတ်ယူခဲ့ခိုင်းပြီး စိမ်းလန်းမှု၊ ညှိုးနွမ်းမှု၊ ကြီးထွားသန်မြန်မှု၊ ကြဲလှီမှုစသည့် ကွာခြားချက်ကို လေ့လာပြီး မြက်ပင်ပေါက်ရာ မြေကောင်း မကောင်း ဆွေးနွေးပါ။

လုပ်ငန်း(၄)။ ။ ကိုယ်နှုတ် အမူအရာ ယဉ်ကျေးသိမ်မွေ့သူတို့၏ ပြောဆို ပြုမူဟန်များကို ကျောင်းသား တစ်ဦးချင်း သရုပ်ပြ လုပ်ဆောင်ပါ။

လုပ်ငန်း(၅)။ ။ ကိုယ်နှုတ် အမူအရာ ရိုင်းစိုင်းကြမ်းတမ်းသူကို မြင်ဖူးပါသလား။ တွေ့မြင်ဖူးသမျှ ပြောပြပါဟု ကျောင်းသား တစ်ဦးချင်း၏ အတွေ့အကြုံကို ဆွေးနွေးပါ။

* * *

၅။ တတ်မြောက်မှု စစ်ဆေးခြင်း

မေး ။ ။ အောက်ပါ မေးခွန်းများကို ဖြေဆိုပါ။

မေး (က)။ ရေအတိမ်အနက်ကို သိလိုလျှင် မည်သည်ကို ကြည့်ရမည်နည်း။

ဖြေ ။ ။ ရေအတိမ်အနက်ကို သိလိုလျှင် ကြာရိုးကို ကြည့်ရပါမည်။

မေး (ခ) ။ အကျင့်စရိုက် မျိုးရိုးဗီဇကို ဖော်ပြနေသော အရာကား အဘယ်နည်း။

ဖြေ ။ ။ အကျင့်စရိုက် မျိုးရိုးဗီဇကို ဖော်ပြနေသော အရာမှာ ကိုယ်အမူအရာ၊ နှုတ်အမူအရာ ဖြစ်ပါသည်။

http://www.dhammadownload.com

မေး (ဂ)။ ပြောဆိုသော စကားများသည် မည်သည်ကို ပြသနေသလဲ။

ဖြေ ။ ။ ပြောဆိုသော စကားများသည် ပညာရှိသည် မရှိသည်ကို ပြသနေပါသည်။

မေး (ဃ)။ ညှိုးခြောက်နေသော မြက်ပင်သည် မြေကောင်းတွင် ပေါက်သလော၊ မြေညံ့တွင် ပေါက်သလော။

ဖြေ ။ ။ ညှိုးခြောက်နေသော မြက်ပင်သည် မြေညံ့တွင် ပေါက်ပါသည်။

မေး (င)။ ရိုင်းစိုင်း ကြမ်းတမ်းစွာ ပြောဆိုပြုမူသူတို့ကို မည်သည့် အမျိုးအနွယ်ဟု ပြောနိုင်သနည်း။

ဖြေ ။ ။ ရိုင်းစိုင်း ကြမ်းတမ်းစွာ ပြောဆိုပြုမူသူတို့ကို အမျိုးယုတ်သော အမျိုးအနွယ်ဟု ပြောနိုင်ပါသည်။

မေး (စ)။ ပညာရှိသူနှင့် ပညာမဲ့သူ မည်သူက အကြောင်းအရာ တစ်ခုကို မှန်ကန်စွာ ဆုံးဖြတ်နိုင်မည်နည်း။

ဖြေ ။ ။ ပညာရှိသူနှင့် ပညာမဲ့သူတွင် ပညာရှိသူက အကြောင်းအရာ တစ်ခုကို မှန်ကန်စွာ ဆုံးဖြတ်နိုင်မည် ဖြစ်ပါသည်။

မေး (ဆ)။ ပြဿနာပုစ္ဆာ အမျိုးမျိုးကို လိမ္မာပါးနပ်စွာ ဖြေရှင်းနိုင်ခဲ့သော မဟောသဓ သူဌေးသားသည် ပညာရှိလော၊ ပညာမဲ့လော။

ဖြေ ။ ။ ပြဿနာပုစ္ဆာ အမျိုးမျိုးကို လိမ္မာပါးနပ်စွာ ဖြေရှင်းနိုင်ခဲ့သော မဟောသဓ သူဌေးသားသည် ပညာရှိ ဖြစ်ပါသည်။

မေး (ဇ)။ မိမိ၏ ကိုယ်နှုတ် အမူအရာကို ယဉ်ကျေးသိမ်မွေ့စွာ ပြုမူ ပြောဆိုနိုင်ရန် ကြိုးစားချင်ပါသလား။ အဘယ့်ကြောင့်နည်း။

ဖြေ ။ ။ မိမိ၏ ကိုယ်နှုတ် အမူအရာကို ယဉ်ကျေးသိမ်မွေ့စွာ ပြုမူ ပြောဆိုနိုင်ရန် ကြိုးစားချင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် အမျိုးမြတ်သူ ဖြစ်လိုသောကြောင့် ဖြစ်ပါသည်။

* * *

http://www.dhammadownload.com

အခန်း (၈)

၁။ သင်ခန်းစာခေါင်းစဉ်
"ဖားသူငယ်နှင့် မာန" (အပိုဒ်–၁၅)

၂။ သင်ယူမှု ဦးတည်ချက်များ
(က) ယေဘုယျ ဦးတည်ချက်

မိမိကိုယ် မိမိ အထင်ကြီးတတ်သော လူသားတို့၏ သဘောကို ပြောပြတတ်ရန်။

(ခ) အသေးစိတ် ဦးတည်ချက်များ

(၁) ဗဟုသုတ ခေါင်းပါးသူသည် အနည်းငယ်မျှသော အတတ်ပညာကို အများကြီး တတ်သည်ဟု အထင်ရောက်တတ်ကြောင်း ပြောပြတတ်ရန်။

(၂) သမုဒ္ဒရာရေကို မမြင်ဖူးသော ဖားသူငယ်သည် တွင်းဝ၌ ရှိသော ရေကို အများကြီး ရှိသည် ထင်မှတ်တတ်ကြောင်း ရှင်းပြတတ်ရန်။

၃။ သင်ကြားမှု/သင်ယူမှုအထောက်အကူပစ္စည်းများ
(က) ဖားသူငယ်နှင့် ရေအိုင်ငယ် သရုပ်ဖော် ဆွဲထားသော ပန်းချီကားချပ်။

(ခ) လောကနီတိ ပညာရှိဆိုရာ အခန်းအပိုဒ် (၁၅) ရေးသားထားသော ကားချပ်။

(ဂ) အနှံပြည့်၍ ငိုက်ကျနေသော စပါးနှံနှင့် အနှံမပြည့်ခင် ထောင်မတ်နေသော စပါးပင်များ ရေးဆွဲထားသော ပန်းချီကားချပ်။

၄။ သင်ကြား/သင်ယူမှုလုပ်ငန်း အဆင့်ဆင့်
လုပ်ငန်း(၁)။ ။ လောကနီတိ ပညာရှိဆိုရာ အခန်းအပိုဒ် (၁၅)ပါ ကားချပ်အား ချိတ်ဆွဲ၍ ဆရာက တိုင်ပေးသည်ကို ကျောင်းသားများအား လိုက်ဆိုခိုင်းပါ။

"ဖားသူငယ်နှင့် မာန" "လောကနီတိ ပညာရှိဆိုရာအခန်း" အပိုဒ်(၁၅)

"ဗဟုသုတ ခေါင်းပါးသူသည် အနည်းငယ်မျှသော အတတ်ပညာကို အများကြီး တတ်သည်ဟု အထင်ရောက်တတ်၏။ မာန်ရှိတတ်၏။ သမုဒ္ဒရာရေကို မမြင်ဖူးသော ဖားသူငယ်သည် တွင်းဝ၌ ရှိသောရေကို အများကြီး ထင်မှတ်သည်နှင့် တူနေတတ်သည်။"

http://www.dhammadownload.com

လုပ်ငန်း(၂)။ ။ ဖားသူငယ်နှင့် ရေအိုင်ငယ် ရေးဆွဲထားသော ကားချပ်ကို ကြည့်၍ တပည့်များအား အုပ်စုလိုက် ထင်မြင်ချက် ပြောခိုင်းပါ။ လိုအပ်လျှင် ဆရာမ အောက်ပါကဲ့သို့ ရှင်းပြပါ။

''ဖားဆိုတဲ့ သတ္တဝါများဟာ ပင်လယ်ရေထဲမှာ နေကြတာ မဟုတ်ဘူး။ တွင်းငယ် ချိုင့်ဝှမ်းတွေမှာသာ နေလေ့ရှိတော့ ရာသီအလိုက် မိုးကလေး တစ်ပြိုက်နှစ်ပြိုက်၊ ရွာချလို့ ရေဝင်လာတာကိုပဲ သူတို့အဖို့တော့ ပင်လယ် သမုဒ္ဒရာ ရေလောက် များလှပြီလို့ ထင်ကြတယ်။

အဲသည် ဖားသူငယ်လိုပဲ အနည်းငယ်မျှလောက်သာ အကြားအမြင် ရှိတဲ့ သူဟာလည်း ကျမ်းဂန်ကြီးများ၊ အပြောကျယ်တဲ့ အတတ်ပညာ ဂန္ထရတို့ကို မဖတ်ဖူး မတွေ့ဖူးလေတော့ ကိုယ်တတ်ထားတာလေးလောက်ကို ကြီးကျယ်လှပြီ၊ စုံလင်လှပြီ၊ နှံ့စပ်လှပြီ အောက်မေ့ပြီး မာနကြီး တစ်ခွဲသားလောက် ရှိနေတတ်တယ်။''

လုပ်ငန်း(၃)။ ။ အနှံ့ပြည့်၍ ငိုက်ကျနေသော စပါးပင်နှင့် အနှံ့မပြည့်ခင် ထောင်မတ်နေသော စပါးပင်များ ရေးဆွဲထားသော ပန်းချီကားချပ်ကို ချိတ်ဆွဲ၍ အောက်ပါ မေးခွန်းများကို မေးပါ။

မေး ။ ။ (က) အချို့သော စပါးပင်များသည် အဘယ်ကြောင့် ငိုက်ကျနေရသနည်း။

ဖြေ ။ ။ – အချို့သော စပါးပင်များသည် အနှံ့ပြည့်၍ ငိုက်ကျနေခြင်း ဖြစ်ပါသည်။

မေး ။ ။ (ခ) အချို့သော စပါးပင်များ ထောင်မတ်နေရသည့် အကြောင်းရင်းကို သင် သိပါသလား။ သိလျှင် ပြောပြပါ။

ဖြေ ။ ။ – အချို့သော စပါးပင်များ ထောင်မတ်နေရသည့် အကြောင်းရင်းမှာ အနှံ့မပြည့်သေး၍ ဖြစ်ပါသည်။

မေး ။ ။ (ဂ) ငိုက်ကျနေသော စပါးပင်များသည် မည်သို့သော သူမျိုးဟု ဆိုနိုင်သနည်း။

ဖြေ ။ ။ – ငိုက်ကျနေသော စပါးပင်များသည် ပညာရှိကဲ့သို့သော သူမျိုးဟု ဆိုနိုင်ပါသည်။

http://www.dhammadownload.com

မေး (ဃ) ။ မာန်မာန ကြီးမားသူနှင့် နှိမ့်ချတတ်သူ နှစ်ဦးတွင် မည်သူသည် နှစ်လို ဖွယ် ကောင်းမည်ဟု ထင်ပါသနည်း။ အဘယ့်ကြောင့်နည်း။

ဖြေ ။ ။ မာန်မာန ကြီးမားသူနှင့် နှိမ့်ချတတ်သူ နှစ်ဦးတွင် နှိမ့်ချတတ်သူသည် နှစ်လိုဖွယ် ကောင်းသည်ဟု ထင်ပါသည်။ အဘယ့်ကြောင့် ဆိုသော် နှိမ့်ချတတ်သူသည် အနှံ့ပြည့်သော စပါးပင်ကဲ့သို့ ပညာရှိသူ ဖြစ်သော ကြောင့် ဖြစ်ပါသည်။

လုပ်ငန်း(၄) ။ ။ အောက်ပါ စကားများ၏ အဓိပ္ပာယ်ကို ရှင်းပြပါ။

မေး (က) ။ **''ဝ မန္ဒဘဲ ဝိလုပ်''**

ဖြေ ။ ။ ဝလုံးပင် မရေးရသေးဘဲ ဝိဟ္ဂသော စာလုံးကို စရေးသည် ဆိုသကဲ့သို့၊ မိမိတွင် ဘာမျှ အခြေခံ မရှိဘဲနှင့် ဟန်ထုတ်ဝင့်ကြွားသည်။

မေး (ခ) ။ **''မပြည့်တဲ့အိုး ဘောင်ပင်ခတ်''**

ဖြေ ။ ။ ရေမပြည့်သည့် အိုးသည် သယ်ယူရာ၌ ဘောင်ဘင်ခတ်၍ အသံမြည် သကဲ့သို့၊ မပြည့်ဝသောသူသည် တည်ကြည်ငြိမ်သက်ခြင်း မရှိပေ။

မေး (ဂ) ။ **''နက်တဲ့မြစ်ရေဟာ ငြိမ်တယ်''**

ဖြေ ။ ။ နက်သည့် မြစ်ရေသည်လည်း ငြိမ်သကဲ့သို့၊ နက်နဲ တည်ကြည်သော ပညာရှိသည် အစဉ်သဖြင့် ငြိမ်သက်၍ နေသည်။

* * *

၅။ ထုတ်ပြောက်မှု စစ်ဆေးခြင်း

မေး ။ ။ အောက်ပါ မေးခွန်းများကို ဖြေဆိုပါ။

မေး (က)။ မည်ကဲ့သို့သော သူမျိုးသည် အနည်းငယ်မျှသော အတတ်ပညာကို အများကြီး တတ်သည်ဟု အထင်ရောက်တတ်သူများ ဖြစ်သနည်း။

ဖြေ ။ ။ ဗဟုသုတ ခေါင်းပါးသူများသည် အနည်းငယ်မျှသော အတတ်ပညာကို အများကြီး တတ်သည်ဟု အထင်ရောက်တတ်သူများ ဖြစ်ပါသည်။

http://www.dhammadownload.com

မေး (ခ) ။ မာန်မာန ကြီးမားသူသည် မည်သို့သော **သူမျိုးဟု ပြောနိုင်သနည်း။**

ဖြေ ။ ။ မာန်မာန ကြီးမားသူသည် မိမိ၏ အနည်းငယ်မျှလောက်သာ **အကြားအမြင် ရှိသည်ကို** ကြီးကျယ်လှပြီ၊ စုံလင်လှပြီ၊ နှံ့စပ်လှပြီဟု အထင်ရောက်နေတတ်သော သူမျိုးဟု ပြောနိုင်ပါသည်။

မေး (ဂ) ။ ဖားသူငယ်သည် တွင်းဝ၌ ရှိသော ရေကို မည်သို့ ထင်တတ်သနည်း။ ဤသို့ ထင်မြင်ရခြင်းမှာ အဘယ့်ကြောင့်နည်း။

ဖြေ ။ ။ ဖားသူငယ်သည် တွင်းဝ၌ ရှိသော ရေကို ပင်လယ်သမုဒ္ဒရာလောက် များလှပြီဟု ထင်တတ်သည်။ ဤသို့ ထင်မြင်ရခြင်းမှာ ဖားသတ္တဝါများသည် ပင်လယ်ရေ၌ မနေကြဘဲ တွင်းငယ်ချိုင့်ဝှမ်းတွေမှာသာ နေလေ့ရှိသဖြင့်၊ ပင်လယ်သမုဒ္ဒရာ ရေများကို မတွေ့မမြင်ဖူး၍ ဖြစ်ပါသည်။

မေး (ဃ)။ မိမိကိုယ်ကို နှိမ့်ချခြင်းသည် ပြည့်ဝသူတို့၏ သဘောထားဟု ဆိုနိုင်ပါသလား။

ဖြေ ။ ။ မိမိကိုယ်ကို နှိမ့်ချခြင်းသည် ပြည့်ဝသူတို့၏ ပြည့်ဝသူတို့၏ သဘောထားဟု ဆိုနိုင်ပါသည်။

မေး (င)။ စပါးနှံ ဥပမာအရ မည်သို့သော စပါးနှံနှင့် တူအောင် နေထိုင်သင့်သနည်း။

ဖြေ ။ ။ စပါးနှံ ဥပမာအရ အနှံပြည့်၍ ငိုက်ကျနေသော စပါးနှံနှင့် တူအောင် နေထိုင်သင့်ပါသည်။

* * *

အာန်း (၉)

၁။ သင်ခန်းစာခေါင်းစဉ်

"အရွယ်အလိုက် ဆောင်ရွက်ခြင်း" (အပိုဒ် – ၁၆)

၂။ သင်ယူမှု ဦးတည်ချက်များ

(က) ယေဘုယျ ဦးတည်ချက်

အချိန်ကာလကို လိုက်၍ ယုပ်ဆောင်သင့်သည်များကို ပြောပြတတ်ရန်။

http://www.dhammadownload.com

(ခ) အသေးစိတ် ဦးတည်ချက်များ

(၁) ပထမအရွယ် (ကျောင်းသားအရွယ်)သည် ပညာသင်ယူရမည့် အရွယ် ဖြစ်ကြောင်း ပြောပြတတ်ရန်။

(၂) ဒုတိယအရွယ် (လူလတ်ပိုင်းအရွယ်)သည် စီးပွားရှာဖွေရမည့် အရွယ် ဖြစ်ကြောင်း ရှင်းပြတတ်ရန်။

(၃) တတိယအရွယ် (လူကြီးအရွယ်)သည် တရားရှာရမည့် အရွယ် ဖြစ်ကြောင်း ဖော်ပြတတ်ရန်။

(၄) အချိန်ကာလအလိုက် ရှာဖွေယူရမည့် အရာများကို မရှာဖွေ မရယူနိုင်ပါက သေဆုံးချိန်ကာလတွင် လူဖြစ်ရှုံး အသုံးမကျ ဖြစ်နိုင်ကြောင်း ပြောပြတတ်ရန်။

၃။ သင်ကြားမှု/သင်ယူမှုအထောက်အကူပစ္စည်းများ

(က) ပညာသင်ယူနေသော ကျောင်းသားများ၊ စီးပွားရှာနေသော ပညာတတ် ဝန်ထမ်းများ၊ ဘုရားရိပ် တရားရိပ် ခိုလှုံ တရားရှာနေသော သက်ကြီးရွယ်အိုများ စသည့် ရုပ်ပုံကားချပ်များ။

(ခ) လောကနီတိ ပညာရှိဆိုရာအခန်း၊ အပိုဒ် (၁၆)ကို ရေးသားထားသော ကားချပ်။

၄။ သင်ကြား/သင်ယူမှုလုပ်ငန်း အဆင့်ဆင့်

လုပ်ငန်း(၁)။ ။ လောကနီတိ ပညာရှိဆိုရာ အခန်းအပိုဒ် (၁၆) ရေးထားသော ကားချပ်ကို ချိတ်ဆွဲ၍ ဆရာမ တိုင်ပေးပြီး ကျောင်းသားများအား အုပ်စုဖွဲ့ ရွတ်ဆိုခိုင်းပါ။

''အရွယ်အလိုက် ဆောင်ရွက်ခြင်း''
''လောကနီတိ ပညာရှိဆိုရာအခန်း'' အပိုဒ်(၁၆)

(က) ပထမအရွယ်၌ အတတ်ပညာ မရခဲ့သော်

(ခ) ဒုတိယအရွယ်၌ ဥစ္စာကို မရခဲ့သော်

(ဂ) တတိယအရွယ်၌ တရားကို မရခဲ့သော်

(ဃ) စတုတ္ထအရွယ်ခေါ် သေဆုံးချိန်ကာလ၌ အဘယ်မှာ အသုံးကျအံ့နည်း။ (လူဖြစ်ရှုံးလိမ့်မည်သာ)

အထက်ပါကားချပ်ကို ချိတ်ဆွဲ၍ ဆရာမ တိုင်ပေးပြီး ကျောင်းသားများအား အုပ်စုဖွဲ့၍ ရွတ်ဆိုစေခြင်း။

http://www.dhammadownload.com

လုပ်ငန်း(၂)။ ။ ကျောင်းသား သုံးဦးအား **ကျောင်းသားသဏ္ဌာန်၊ ဝန်ထမ်း (ဆရာဝန်၊ အင်ဂျင်နီယာ၊ ကျောင်းဆရာ စသည်တစ်မျိုးမျိုး) အဖိုးကြီးသဏ္ဌာန်စသည့် သဏ္ဌာန်** သုံးမျိုး ဝတ်စားကာ သရုပ်ပြစေခြင်း။

လုပ်ငန်း(၃)။ ။ အောက်ပါမေးခွန်းကို အုပ်စုလိုက် ဆွေးနွေးပြီး အဖန်းသို့ ပြန်လည်တင်ပြပါ။

မေး ။ ။ (က) ကျောင်းသားအရွယ် လူငယ် တစ်ဦးအား စီးပွားရှာခိုင်းပါက အဆင်ပြေလွယ်ကူစွာ ရှာနိုင်ပါမည်လား။

ဖြေ ။ ။ ကျောင်းသားအရွယ် လူငယ် တစ်ဦးအား စီးပွားရှာခိုင်းပါက အဆင်ပြေလွယ်ကူစွာ မရနိုင်ပါ။

မေး ။ ။ (ခ) စီးပွားဥစ္စာ ရှာဖွေရာ၌ ပညာတတ်သူနှင့် မတတ်သူ မည်သူက လွယ်ကူသက်သာစွာ ရှာဖွေနိုင်မည်ဟု ထင်ပါသလဲ။

ဖြေ ။ ။ စီးပွားဥစ္စာ ရှာဖွေရာ၌ ပညာတတ်သူနှင့် မတတ်သူအနက် ပညာတတ်သူက လွယ်ကူသက်သာစွာ ရှာဖွေနိုင်မည်ဟု ထင်ပါသည်။

မေး ။ ။ (ဂ) ပညာတတ်၊ စီးပွားပြည့်စုံသော **အဘိုးအဘွား**နှင့်၊ ပညာမတတ်၊ စီးပွားလည်း မပြည့်စုံသော အဘိုးအဘွား နှစ်ဦးတွင် မည်သူက တရားဓမ္မ ဖွေရှာနိုင်လိမ့်မည်ဟု ထင်မြင်ပါသနည်း။ အဘယ့်ကြောင့်နည်း။

ဖြေ ။ ။ ပညာတတ်၊ စီးပွားပြည့်စုံသော အဘိုးအဘွားနှင့် ပညာမတတ်၊ စီးပွားလည်း မပြည့်စုံသော အဘိုးအဘွား နှစ်ဦးတွင် ပညာတတ် စီးပွားပြည့်စုံသော အဘိုးအဘွားက တရားဓမ္မ ရှာဖွေနိုင်မည်ဟု ထင်မြင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ပထမအရွယ်တွင် ပညာရပြီး၊ ဒုတိယအရွယ်၌ ဥစ္စာရခဲ့သဖြင့်၊ တတိယ အရွယ်တွင် တရားဓမ္မက စိတ်အေးချမ်းသာ ဖွေရှာနိုင်သောကြောင့် ဖြစ်ပါသည်။

* * *

http://www.dhammadownload.com

၅။ တတ်မြောက်မှု စစ်ဆေးခြင်း

မေး ။ ။ အောက်ပါ မေးခွန်းများကို ဖြေဆိုပါ။

မေး (က)။ မည်သည့် အရွယ်၌ ပညာရှာရမည်နည်း။

ဖြေ ။ ။ ပထမ အရွယ်၌ ပညာရှာရပါမည်။

မေး (ခ)။ စီးပွားရှာသင့်သည့် အရွယ်ကို ပြောပြပါ။

ဖြေ ။ ။ စီးပွားရှာသင့်သည့် အရွယ်မှာ ဒုတိယ အရွယ်ဖြစ်ပါသည်။

မေး (ဂ)။ တရားမမှ ရှာရမည့် အရွယ်သည် မည်သည့်အရွယ် ဖြစ်သနည်း။

ဖြေ ။ ။ တရားမမှ ရှာရမည့် အရွယ်သည် တတိယအရွယ် ဖြစ်ပါသည်။

မေး (ဃ)။ အကြမ်းအားဖြင့် သေဆုံးချိန်ကာလကို မည်သည့်အရွယ်ဟု ပြောနိုင်မည်နည်း။

ဖြေ ။ ။ အကြမ်းအားဖြင့် သေဆုံးချိန်ကာလကို စတုတ္ထအရွယ်ဟု ပြောနိုင်ပါသည်။

မေး (င)။ အရွယ်သုံးပါးတွင် လုပ်ဆောင်သင့်သည်များကို လုပ်ဆောင်ခဲ့သူအား လူဖြစ်ကျိုး နပ်သည်ဟု ပြောနိုင်ပါမည်လား။

ဖြေ ။ ။ အရွယ်သုံးပါးတွင် လုပ်ဆောင်သင့်သည်များကို လုပ်ဆောင်ခဲ့သူအား လူဖြစ်ကျိုး နပ်သည်ဟု ပြောနိုင်ပါသည်။

မေး (စ)။ သေးဆုံးချိန်ကာလတွင် လူဖြစ်ကျိုးမနပ် ဖြစ်ရသော သူများသည် မည်သို့သောသူမျိုး ဖြစ်သနည်း။

ဖြေ ။ ။ သေဆုံးချိန်ကာလတွင် လူဖြစ်ကျိုးမနပ် ဖြစ်ရသော သူများသည် (က) ပထမအရွယ် အတတ်ပညာ မသင်ယူခဲ့မိ၍၊ (ခ) ဒုတိယ အရွယ်၌ ဥစ္စာမရရှိဘဲ၊ (ဂ) တတိယအရွယ်၌ တရားမမှ မဖွေရှာနိုင်သော သူမျိုးများ ဖြစ်ပါသည်။

* * *

http://www.dhammadownload.com

အခန်း (၁၀)

၁။ သင်ခန်းစာခေါင်းစဉ်

''သုတပညာ၏ တန်ဖိုး''

လောကနီတိ ပညာရှိဆိုရာအခန်း၊ အပိုဒ်(၂၁)

၂။ သင်ယူမှု ဦးတည်ချက်များ

(က) ယေဘုယျ ဦးတည်ချက်

သုတပညာသည် ချမ်းသာခြင်းကို ဆောင်တတ်ကြောင်း ပြောပြတတ်ရန်။

(ခ) အသေးစိတ် ဦးတည်ချက်များ

(၁) **နာကြားမှတ်သားတတ်သူ**သည် သုတနှင့် ပြည့်စုံလာနိုင်ကြောင်း ပြောပြတတ်ရန်။

(၂) သုတပညာသည် **ကြီးပွား** တိုးတက်စေနိုင်ကြောင်း **ရှင်းပြတတ်ရန်**။

(၃) သုတပညာဖြင့် **အနက်အဓိပ္ပာယ်**ကို သိနိုင်ကြောင်း **ဖော်ပြတတ်ရန်**။

(၄) သိထားသော အနက်အဓိပ္ပာယ်သည် ချမ်းသာကို **ဆောင်တတ်**ကြောင်း ပြောပြတတ်ရန်။

၃။ သင်ကြားမှု/သင်ယူမှုအထောက်အကူပစ္စည်းများ

(က) လောကနီတိ ပညာရှိဆိုရာ အခန်း၊ အပိုဒ် (၂၁)ပါ စာပိုဒ် ရေးသားထားသော ကားချပ်။

(ခ) ပညာဖြင့် ကြီးပွားတိုးတက်နေသော အသိပညာရှင် အတတ်ပညာရှင်၊ စီးပွားစွမ်းဆောင်ရှင်များ၏ ဓာတ်ပုံများပါသည့် သတင်းစာ၊ ဂျာနယ်၊ စာစောင်များ။

(ဂ) ဝန်ဇင်းမင်းရာဇာ အကြောင်း သရုပ်ဖော် ရေးဆွဲထားသော ပန်းချီကားချပ်။

၄။ သင်ကြား/သင်ယူမှုလုပ်ငန်း အဆင့်ဆင့်

လုပ်ငန်း(၁)။ ။ လောကနီတိ ပညာရှိဆိုရာ အခန်း၊ အပိုဒ် (၂၁)ပါ စာပိုဒ် ရေးထားသော ကားချပ်ကို ချိတ်ဆွဲ၍ ဆရာက ဖတ်ပြပြီး ကျောင်းသားများအား အုပ်စုဖွဲ့ ရွတ်ဆိုခိုင်းပါ။

http://www.dhammadownload.com

"သုတပညာ၏ တန်ဖိုး"

"လောကနီတိ ပညာရှိဆိုရာအခန်း၊ အပိုဒ်(၂၁)

နာကြားခြင်း မှတ်သားခြင်းကြောင့် ပညာနှင့် ပြည့်စုံ၏။

သုတပညာဖြင့် ကြီးပွားတိုးတက်နိုင်၏။

သုတပညာဖြင့် အနက်အဓိပ္ပာယ်ကို သိနိုင်၏။

သိထားသော အနက်အဓိပ္ပာယ်သည် ချမ်းသာကို ဆောင်တတ်၏။

လုပ်ငန်း(၂)။ ။ အထက်ပါစာပိုဒ်ကို ကလေး တစ်ဦးချင်းအား နားလည်သလို ပြန်လည် ရှင်းပြ စေခြင်း။ (လိုအပ်သည်ကို ဆရာမှ ဖြည့်စွက်ပေးခြင်း။)

လုပ်ငန်း(၃)။ ။ ''ဘိုးရာဇာ'' **သင်ခန်းစာမှ** စာပိုဒ် တစ်ပိုဒ်စီကို အုပ်စု တစ်ခုစီမှ အလှည့်ကျ နားလည်သလို တင်ပြခိုင်းပါ။

''ဘိုးရာဇာ''

ဘိုးရာဇာသည် အင်းဝခေတ်တွင် အလွန်ထင်ရှားသော ပညာရှိ အမတ်ကြီး ဖြစ်သည်။ ထွန်တုံးမှ ထိပ်ဆုံးရောက်အောင် ကြိုးပမ်းခဲ့သူ ဖြစ်သည်။

ဘိုးရာဇာသည် အင်းဝနေပြည်တော်မှ (၇၂)မိုင် ဝေးကွာသော မိတ္ထိလာနယ် ဝန်ဇင်းရွာမှ အသည်းသား ဖြစ်သည်။ ငယ်ရွယ်စဉ်ကပင် ဗဟုသုတ လေ့လာလိုက်စားခဲ့သည်။ အရွယ် ရောက်သော် ရွာသူကြီးသမီးနှင့် ရည်ငံသည်။ ဗဟုသုတ လိုက်စားသည်။။ ကြိုးကြိုးပမ်းပမ်း ဆင်းရဲ ခံ၍ လုပ်မည့်သူ မဟုတ်ဟု ယူဆ၍ သူကြီးက မနှစ်သက်ချေ။ သို့သော် သမီးနှစ်သက်သူ ဖြစ်၍ လယ်နှင့် နွားတစ်ရှဉ်း ပေး၍ လွတ်ရာတွင် နေစေသည်။

မြန်မာသက္ကရာဇ် ၇၃၀ ပြည့်နှစ်တွင် မိတ္ထိလာကန်တော် ကျိုးပေါက်သဖြင့် အင်းဝဘုရင် မင်းကြီးစွာစော်ကဲ ကိုယ်တိုင် လာရောက်ဆည်ဖို့ ပြုပြင်ရာ ကန်ရိုးပေါ်တွင် မိန်းမရုပ်နှင့် နတ်ကွန်း တစ်ခု တွေ့ရှိခဲ့၏။ ထိုနတ်ကွန်းအကြောင်း မေးမြန်းရာ မတင်လျှောက်နိုင်ကြလေ။ ပြောကြားနိုင်မည့် သူကို မေးစစ်ရာ ဝန်ဇင်းသူကြီး၏ သမက်သည် အမှတ်အသား အကြားအမြင်နှင့် ပြည့်စုံကြောင်း လျှောက်၍ ခေါ်စေ၏။

ဝန်ဇင်းသူကြီးလည်း သမီးကို ခေါ်လျက် အသည်သားအား မင်းကောဇာက ခေါ်ကြောင်း ကြောက်လန့်တကြား ပြော၏။ သမီး ဖြစ်သူလည်း စိုးရိမ်ကြီးစွာဖြင့် ခင်ပွန်းသည် လယ်ထွန်ရာသို့ လိုက်ကာ အကြောင်းကြား၏။ အသည်သားလည်း မိမိ ပညာအကျိုးခံစားရတော့မည်ဟု ပြောကြား

http://www.dhammadownload.com

၍ ဇနီးသည်၏ ပူပန်မှုကို ပြေပျောက်စေလျက်၊ ခိုင်းစေနေသော နွားတစ်ရှဉ်း၏ ဦးချိုတွင် သပြေပန်း စည်း၍ အပြီးတိုင် လွှတ်လိုက်ပြီးမှ ဘုရင်ထံ အခစား ဝင်ရောက်လေသည်။

မင်းကြီးစွာစော်ကဲ့က ထိုနတ်ကွန်း အကြောင်းကို မေးမြန်းတော်မူရာ နတ်ကွန်း မဟုတ်ပါ။ အရှင့် ဘေးလောင်းတော် အနော်ရထာမင်း**စောသည်** မိတ္ထီလာကန် ဆည်လာရာတွင် အလွန် မြတ်နိုးသော မိဖုရားငယ် ကြမ္မာကုန်၍ ရွှေစင်ဖြင့် **ပြုလုပ်ထား**သည့် ထိုမိဖုရား၏ ရုပ်ထုကို ကန်ရိုးတွင် အခိုင်အခန့် မြှုပ်နှံထားပြီးသော် ထိုရွှေရုပ်နှင့် တူသော သစ်သားရုပ်ကို တန်ဆောင်း၊ ပြဿဒ် ပြုလုပ်လျက် ကန်ပေါင်ရိုးပေါ်တွင် ထားတော်မူခဲ့ခြင်း ဖြစ်ပါသည်။ ထိုအရုပ်ကို လူတို့က စားဦး သောက်ဦးတင်၍ နတ်ကွန်း ခေါ်ဝေါ်ပညတ်ကြခြင်း ဖြစ်ပါသည်ဟူ၍ အသည်သားက တင်လျှောက်၏။ ထိုတင်လျှောက်ချက်အရ ကန်ပေါင်ရိုးကို ဖျက်၍ တူးဖော်စေရာ ရွှေသားရုပ်ပုံကို ရလေသည်။ မင်းကြီးစွာသည် ဝန်ဇင်း အသည်သား၏ အမှတ်အသား အတင်အလျှောက် ရုပ်ရည်သဏ္ဌာန်ကို နှစ်သက်သဖြင့် ဆုလာဘ်များစွာ ပေးသနားပြီးနောက် နန်းတော်သို့ ခေါ်ယူတော်မူလေသည်။

လုပ်ငန်း(၄)။ ။ အောက်ပါ မေးခွန်းများ မေးပါ။

မေး ။ ။ (က) ဝန်ဇင်း အသည်သားသည် မင်းကြီးစွာ မေးမြန်းသည်ကို အဘယ်ကြောင့် ဖြေဆိုနိုင်သနည်း။

ဖြေ ။ ။ – ဝန်ဇင်း အသည်သားသည် မင်းကြီးစွာ မေးမြန်းသည်ကို ဖြေဆိုနိုင်ခြင်းမှာ အမှတ်အသား အကြားအမြင်နှင့် ပြည့်စုံသောကြောင့် ဖြစ်ပါသည်။

မေး ။ ။ (ခ) မှန်ကန်စွာ ဖြေဆိုနိုင်သော ဝန်ဇင်းအသည်သားကို ဘုရင်က မည်သို့ ပြုမူသနည်း။

ဖြေ ။ ။ – **မှန်ကန်စွာ** ဖြေဆိုနိုင်သော ဝန်းဇင်းအသည်သားကို ဘုရင်က ဆုလာဘ် **များစွာ ပေးသနား**ပြီးနောက် နန်းတော်သို့ ခေါ်ယူတော်မူသည်။

မေး ။ ။ (ဂ) ဝန်ဇင်း**မင်းရာဇာ**သည် လယ်သမားဘဝမှ ပညာရှိ အမတ်ကြီး ဖြစ်လာရသည့် အဓိကအကြောင်းရင်းကို ရှင်းပြပါ။

ဖြေ ။ ။ – **ဝန်ဇင်းမင်းရာဇာ**သည် လယ်သမားဘဝမှ ပညာရှိ အမတ်ကြီး ဖြစ်လာရသည့် အဓိကကြောင်းရင်းမှာ ငယ်ရွယ်စဉ်ကစ၍ ဗဟုသုတ လေ့လာလိုက်စားခဲ့သောကြောင့် ဖြစ်ပါသည်။

http://www.dhammadownload.com

မေး ။ ။ (ဃ) နာကြား မှတ်သားခြင်းသည် အကျိုးရှိပါသလား၊ အကျိုးမဲ့ ဖြစ်တတ်ပါသလား။

ဖြေ ။ ။ – နာကြား မှတ်သားခြင်းသည် အကျိုးရှိပါသည်။

မေး ။ ။ (င) နာကြား မှတ်သားတတ်သူ အသည်းသားသည် ကြီးပွားတိုးတက်သွားပါသလား၊ ဆုတ်ယုတ် ပျက်စီးသွားပါသလား။

ဖြေ ။ ။ – နာကြား မှတ်သားတတ်သူ အသည်းသားသည် ကြီးပွားတိုးတက်သွားပါသည်။

လုပ်ငန်း(၅)။ ။ နာကြားမှတ်သား လေ့လာစူးစမ်း ရှာဖွေတတ်ခြင်းကြောင့် **အတတ်ပညာဖြင့်** ထင်ပေါ်ကျော်ကြားခဲ့သူများ၏ **အမည်နှင့် အကြောင်းအရာကို ကျောင်းသား** များအား **အုပ်စုများ ခွဲ၍ အပြိုင်အဆိုင် ရှာဖွေခိုင်းပါ။ (ဘိုးတော်ဘုရား၏** အိမ်တော်ပါ၊ **ကျွန်ရင်းဘဝမှ အတွင်းဝန်၊ အမတ်ကြီး** ဖြစ်လာသော ဦးပေါ်ဦး။ ဖိနပ်ချုပ်သမားလေး ဘဝမှ **တီထွင်သူ** ပညာရှင်အဖြစ် ကျော်ကြားခဲ့သော **အယ်ဒီဆင်**။ လေယာဉ်ပျံ **တီထွင်သူ** ရိုက်ညီနောင်... စသည်များ ဆရာမှ **ဖြည့်စွက်** ပြောကြားရန်။)

* * *

၅။ တတ်မြောက်မှု စစ်ဆေးခြင်း

မေး ။ ။ အောက်ပါ မေးခွန်းများကို ဖြေဆိုပါ။

မေး (က)။ နာကြားမှတ်သားလျှင် မည်သည်နှင့် ပြည့်စုံလာနိုင်သနည်း။

ဖြေ ။ ။ နာကြားမှတ်သားလျှင် ပညာနှင့် ပြည့်စုံလာနိုင်ပါသည်။

မေး (ခ) ။ သုတပညာသည် ကြီးပွားတိုးတက်စေနိုင်သည် ဆိုသည်မှာ မှန်ပါသလား။ မည်သူကို သာဓက ပြမည်နည်း။

ဖြေ ။ ။ သုတပညာသည် ကြီးပွားတိုးတက်စေနိုင်သည် ဆိုသည်မှာ မှန်ပါသည်။ ဝန်ဇင်းမင်းရာဇာကို သာဓက ပြပါမည်။

http://www.dhammadownload.com

မေး (ဂ)။ သုတပညာ ရှိသူသည် မည်သည်ကို သိနိုင်သနည်း။
ဖြေ ။ ။ သုတပညာ ရှိသူသည် အနက်အဓိပ္ပာယ်ကို သိနိုင်သည်။

မေး (ဃ)။ အနက်အဓိပ္ပာယ် သိသူသည် ချမ်းသာကို ဆောင်သလား၊ ဆင်းရဲကို ဆောင်သလား။
ဖြေ ။ ။ အနက်အဓိပ္ပာယ် သိသူသည် ချမ်းသာကို ဆောင်ပါသည်။

မေး (င)။ ဝန်ဇင်းမင်းရာဇာကဲ့သို့ နာကြားမှတ်သား လေ့လာစူးစမ်း ရှာဖွေတတ်ခြင်းကြောင့် ထင်ပေါ်ကျော်ကြားခဲ့သူများ၏ အမည်ကို သင်သိသရွေ့ ပြောပြပါ။
ဖြေ ။ ။ ဝန်ဇင်းမင်းရာဇာကဲ့သို့ နာကြားမှတ်သား လေ့လာစူးစမ်း ရှာဖွေတတ်ခြင်းကြောင့် ထင်ပေါ်ကျော်ကြားခဲ့သူများမှာ– အမတ်ကြီး ဦးပေါ်ဦး၊ အယ်ဒီဆင်နှင့် ရိုက်ညီနောင်တို့ ဖြစ်ပါသည်။

* * *

အခန်း (၁၁)

၁။ သင်ခန်းစာခေါင်းစဉ်
"အဆင်းနှင့် အချင်း" (အပိုဒ်–၃၆)

၂။ သင်ယူမှု ဦးတည်ချက်

(က) ယေဘုယျ ဦးတည်ချက်

အတတ်ပညာသည် လူတန်ဖိုး ဖြစ်ကြောင်း ပြောပြတတ်ရန်။

(ခ) အသေးစိတ် ဦးတည်ချက်များ

(၁) ကြွယ်ဝချမ်းသာသော မျိုးရိုးမှ ဆင်းသက်သော်လည်း ပညာမဲ့က မတင့်တယ်ကြောင်း ပြောပြတတ်ရန်။

(၂) အဆင်းအရွယ်နှင့် ပြည့်စုံသော်လည်း ပညာမဲ့က တန်ဖိုးမဲ့ကြောင်း ရှင်းပြတတ်ရန်။

http://www.dhammadownload.com

၃။ သင်ကြား/သင်ယူမှုအထောက်အကူပစ္စည်းများ

(က) မွေးရွှေ့လှုသော နှင်းဆီ၊ **စပယ်၊ ဇီဇဝါ** စသော ပန်းများ၊ အရောင်လှသော်လည်း ရနံ့မဲ့သော ပေါက်ပန်း၊ ပုဏ္ဏာရိပ်ပန်း၊ **စက္ကူပန်း** စသည်များ။

(ခ) ချောမောလှပသော ဆရာဝန်မလေးနှင့် ဈေးသည်မလေး နှစ်ယောက် ယှဉ်တွဲ ရေးဆွဲထားသော ရုပ်ပုံကားချပ်။

(ဂ) လောကနီတိ ပညာရှိဆိုရာ အခန်း၊ အပိုဒ် (၃၆) ရေးသားထားသော ကားချပ်။

၄။ သင်ကြား/သင်ယူမှုလုပ်ငန်း အဆင့်ဆင့်

လုပ်ငန်း(၁)။ ။ လောကနီတိ ပညာရှိဆိုရာ အခန်း အပိုဒ် (၃၆)၊ စာပိုဒ် ရေးသားထားသော ကားချပ်ကို ချိတ်ဆွဲ၍ ဆရာမှ တိုင်ပေးပြီး အုပ်စုဖွဲ့ ရွတ်ဆိုစေပါ။

''အဆင်းနှင့် အချင်း''

''လောကနီတိ ပညာရှိဆိုရာအခန်း၊ အပိုဒ်(၃၆)

''အဆင်းအရွယ်နှင့် ပြည့်စုံ၍ ပြန့်ပြော ကြွယ်ဝသော အမျိုးဌ လူဖြစ်သော်လည်း အတတ်ပညာ မရှိသော် မတင့်တယ်။ အနှံကင်းသော ပေါက်ပန်းနှင့် တူတတ်၏။

လုပ်ငန်း(၂)။ ။ မိမိတို့၏ ပတ်ဝန်းကျင်တွင် တွေ့ရှိနိုင်သော ပန်းများကို လေ့လာ၍ အုပ်စုလိုက်၊ စာရင်း ပြုလုပ်ပါ။

လုပ်ငန်း(၃)။ ။ မွေး၍ လှသော ပန်းနှင့် လှသော်လည်း မမွေးသော ပန်းများကို တစ်ဦးချင်း ဖြစ်စေ၊ အုပ်စုလိုက် ဖြစ်စေ ရှာဖွေယူဆောင်လာရန် မှာကြားပါ။

လုပ်ငန်း(၄)။ ။ အောက်ပါ မေးခွန်းကို အုပ်စုလိုက် ဆွေးနွေး၍ အတန်းသို့ ပြန်လည် တင်ပြခိုင်းပါ။

(က) လှပသော ပန်းကို မြင်တွေ့ရလျှင် စိတ်ထဲ မည်သို့ ခံစားရသနည်း။

(ခ) မွေးပျိုသော ပန်းရနံ့ကို ရရှိလျှင် ဖြစ်ပေါ်သော စိတ်ခံစားမှုကို ပြောပြပါ။

(ဂ) ပန်းတစ်ပွင့်သည် မည်သည့် အချက်များနှင့် ပြည့်စုံလျှင် နှစ်လိုဖွယ် အကောင်းဆုံး ဖြစ်မည်နည်း။

http://www.dhammadownload.com

လုပ်ငန်း(၅)။ ။ ကလေးတစ်ဦးအား ဗန်းထဲတွင် စိန်ပန်း၊ ပုဏ္ဏရိပ်ပန်း၊ ပေါက်ပန်း၊ စက္ကူပန်း စသည်များ ထည့်ကိုင်စေ၍ အခြားကလေး တစ်ဦးအား နှင်းဆီပန်း၊ စပယ်ပန်း၊ ဇီဇဝါပန်းများ ထည့်ကိုင် ရပ်နေစေကာ ကျန်ကလေး တစ်ဦးအား စိတ်ကြိုက် ပန်း တစ်မျိုး ရွေးချယ်စေပြီး ရွေးချယ်ခံရသော ပန်းအမည်ကို မှတ်တမ်းပြုပါ။

အဘယ်ကြောင့် ထိုပန်းကို ရွေးချယ်ရကြောင်း**ကိုလည်း** ရှင်းလင်း ပြောကြားခိုင်းပါ။

* * *

၅။ တတ်မြောက်မှု စစ်ဆေးခြင်း

မေး ။ ။ အောက်ပါ **မေးခွန်းများကို** ဖြေဆိုပါ။

မေး (က)။ ကြွယ်ဝချမ်းသာသော မျိုးရိုးဌ လူဖြစ်သော်လည်း ပညာမဲ့သူ ဖြစ်နေပါက တန်ဖိုးရှိသူဟု ပြောနိုင်ပါမည်လား။

ဖြေ ။ ။ ကြွယ်ဝချမ်းသာသော မျိုးရိုးဌ လူဖြစ်လာသော်လည်း ပညာမဲ့သူ ဖြစ်နေပါက တန်ဖိုးရှိသူဟု မပြောနိုင်ပါ။

မေး (ခ)။ အဆင်း အရွယ်**နှင့် ပြည့်စုံသော်လည်း** ပညာ**မဲ့နေပါက** မည်သည့် အရာနှင့် တူမည်နည်း။

ဖြေ ။ ။ အဆင်း အရွယ်နှင့် ပြည့်**စုံသော်လည်း** ပညာမဲ့**နေပါက ရနံ့မဲ့သော** ပေါက်ပန်းနှင့် တူ၏။

မေး (ဂ)။ ချောမော လှပသော ဈေးတောင်းခေါင်းရွက် မိန်းကလေးနှင့် ချောမောလှပသော ဆရာဝန် မလေးတို့၏ ခြားနားချက်မှာ မည်သည့်အရာ ဖြစ်မည်ဟု ထင်သနည်း။

ဖြေ ။ ။ ချောမော လှပသော ဈေးတောင်းခေါင်းရွက် **မိန်း**ကလေးနှင့် ချောမောလှပသော ဆရာဝန် မလေးတို့၏ ခြားနားချက်မှာ ပညာမဲ့ခြင်းနှင့် ပညာရှိခြင်း ဖြစ်မည်ဟု ထင်ပါသည်။

http://www.dhammadownload.com

မေး (ဃ)။ **ဈေးသည်မလေးသည် မည်သို့**သော ပန်းမျိုးနှင့် တူ၍၊ ဆရာဝန်မလေးသည် မည်သို့သော ပန်းမျိုးဟု ပြောနိုင်သနည်း။

ဖြေ ။ ။ ဈေးသည်မလေးသည် အရောင်လှသော်လည်း ရနံ့မဲ့သော ပန်းမျိုးနှင့် တူပါ**သည်။** ဆရာဝန်မလေးသည် မွှေး၍ လှသော **ပန်း**မျိုးနှင့် တူပါသည်။

၁မေး (င)။ လှပ၍ မွှေးပုံ့သော ပန်းများထဲတွင် လူအများ တန်ဖိုးထား နှစ်သက်ကြသော **တော်ဝင်** ပန်း တစ်မျိုး၏ အမည်ကို ပြောပြပါ။

ဖြေ ။ ။ လှပ၍ မွှေးပုံ့သော ပန်းများထဲတွင် လူအများ တန်ဖိုးထား **နှစ်သက်ကြသော တော်ဝင်** ပန်း တစ်**မျိုး၏ အမည်**မှာ သဇင်ပန်း ဖြစ်ပါသည်။

မေး (စ)။ **လောကတွင် တင့်တယ်စွာ** ရပ်တည်စေနိုင်သော အရာသည် မည်သည့်အရာ ဖြစ်**မည်**ဟု ထင်ပါ**သနည်း။**

ဖြေ ။ ။ လော**ကတွင် တင့်**တယ်စွာ ရပ်တည်စေနိုင်သော အရာသည် **အတတ်**ပညာ ဖြစ်ပါသည်။

* * *

အခန်း (၁၂)

၁။ သင်ခန်းစာခေါင်းစဉ်
''ပန်းရနံ့နှင့် ပညာရှိ'' (အပိုဒ်–၄၀)

၂။ သင်ယူမှု ဦးတည်ချက်
(က) ယေဘုယျ ဦးတည်ချက်
ပညာရှိကို မှီဝဲပေါင်းဖော်လိုသော စိတ်ဓာတ်များ ဖြစ်ပေါ်ရန်။

(ခ) အသေးစိတ် ဦးတည်ချက်များ
(၁) မွှေးသော ပန်းရနံ့သည် ပန်းကို ထုပ်သော ဖက်သို့ပင် ကူးစက် **ပျံ့နှံ့စေနိုင်ကြောင်း** ပြောပြတတ်ရန်။

(၂) ပညာရှိကို မှီဝဲဆည်းကပ်သူသည် ပညာရှိ၏ လိမ္မာယဉ်ကျေး**သော သဘာဝများ ကူးစက်** စေနိုင်ကြောင်း ရှင်းပြတတ်ရန်။

http://www.dhammadownload.com

(၃) ဆိုးသွမ်းသူနှင့် ပေါင်းဖော်မိလျှင် မိမိပါ ဆိုးသွမ်းသူ ဖြစ်သွားနိုင်ကြောင်း ပြောပြတတ်ရန်။

(၄) လိမ္မာ ယဉ်ကျေးသော လူတော်လူကောင်းများနှင့် ပေါင်းဖော်မိလျှင် မိမိပါ လူတော်လူကောင်း ဖြစ်လာနိုင်ကြောင်း ဖော်ပြတတ်ရန်။

၃။ သင်ကြားမှု/သင်ယူမှုအထောက်အကူပစ္စည်းများ

(က) လောကနီတိ ပညာရှိဆိုရာ အခန်း၊ အပိုဒ် (၄၀) ရေးသားထားသော ကားချပ်။

(ခ) ပညာရည်ချွန်ဆုချီးမြှင့် ခံရသော ကျောင်းသား၊ ကျောင်းသူများ၏ ဓာတ်ပုံ၊ သတင်းစာဖြတ်ပိုင်းများ။

(ဂ) မူးယစ်ရမ်းကားနေသော လူတစ်ယောက်ကို လူအများ ရှောင်ဖယ်ပြေးနေပုံ ရုပ်ပုံကားချပ်။

(ဃ) နံဘေးတွင် ဘိန်းဖြူထိုးသော ဆေးထိုးအပ်ကျလျက် မြောင်းနံဘေးတွင် လူငယ် တစ်ယောက် လဲကျနေပုံ ရုပ်ပုံကားချပ်။

၄။ သင်ကြား/သင်ယူမှုလုပ်ငန်း အဆင့်ဆင့်

လုပ်ငန်း(၁)။ ။ လောကနီတိ ပညာရှိဆိုရာ အခန်း အပိုဒ် (၄၀)ပါ စာပိုဒ် ရေးသားထားသော ကားချပ်ကို ချိတ်ဆွဲ၍ ဆရာမှ တိုင်ပေးပြီး ကျောင်းသားများအား ရွတ်ဆိုခိုင်းပါ။

''ပန်းရနံ့နှင့် ပညာရှိ''

''လောကနီတိ ပညာရှိဆိုရာအခန်း၊ အပိုဒ်(၄၀)

''တောင်ဇလပ်ကို ထုပ်သောဖက်သည် ပန်း၏ ရနံ့ကြောင့် မွှေးကြိုင်၏။

ထို့အတူ ပညာရှိကို မှီဝဲသောသူသည်လည်း လိမ္မာယဉ်ကျေးသော

ဓာတ်သဘာဝများ ကူးစက်နိုင်၏။

လုပ်ငန်း(၂)။ ။ ဖော်ပြပါ ရုပ်ပုံများ ဓာတ်ပုံများ ပြ၍ မေးခွန်းများ မေးပြီး အုပ်စုလိုက် လုပ်ဆောင် ဖြေဆိုခိုင်းပါ။

(က) လိမ္မာထူးချွန်သော လူငယ် တစ်ယောက်၏ ပုံကို ရွေးထုတ်ပြပါ။

(ခ) မည်သည့် ပုံသည် ဆိုးသွမ်း မိုက်မဲသော လူငယ်တစ်ယောက် ဖြစ်ကြောင်း ပြသပါသနည်း။

http://www.dhammadownload.com

(ဂ) ထိုလူငယ် နှစ်ဦးတွင် မည်သူနှင့် ပေါင်းဖော်သင့်သနည်း။ အဘယ်ကြောင့်နည်း။

(ဃ) မည်သည့် လူငယ်ကို ရှောင်ခွာသင့်သနည်း။ အဘယ်ကြောင့်နည်း။

လုပ်ငန်း(၃)။ ။ ပတ်ဝန်းကျင်တွင် တွေ့မြင်ဖူးသော ဆိုးသွမ်း လူငယ်တစ်ယောက် အကြောင်း ပြောပြပါ။ ထိုလူငယ်၏ အပေါင်းအသင်းများသည် မည်သို့သော သူများ ဖြစ်သနည်း။

လုပ်ငန်း(၄)။ ။ ပတ်ဝန်းကျင်တွင် တွေ့မြင်ဖူးသော ထူးချွန်လိမ္မာသည့် လူငယ်တစ်ယောက် အကြောင်း ပြောပြပါ။ ထိုလူငယ်၏ အပေါင်းအသင်းများသည် မည်သို့သော သူများ ဖြစ်ကြသနည်း။

လုပ်ငန်း(၅)။ ။ ကျေးဇူးနောင်ပုံပြင် ကြားဖူးပါသလား။ ကြားဖူးလျှင် ပြောပြပါ။ (အုပ်စုလိုက် ယှဉ်ပြိုင် ပြောခိုင်းရန်။)

လုပ်ငန်း(၆)။ ။ အောက်ပါမေးခွန်းများကို မေးပါ။

မေး ။ ။ (က) ရှေးအခါက မင်းညီမင်းသား သူဌေးသူကြွယ်သားများသည် မည်သည့် နေရာသို့ သွား၍ မည်သူ့ထံတွင် ပညာသင်ယူလေ့ ရှိသနည်း။

ဖြေ ။ ။ – ရှေးအခါက မင်းညီမင်းသား သူဌေးသူကြွယ်သားများသည် တက္ကသိုလ်ပြည်သို့ သွားရောက်၍ ဒီသာပါမောက္ခ ဆရာကြီးထံတွင် ပညာသင်ယူလေ့ ရှိကြပါသည်။

မေး ။ ။ (ခ) ကျောင်းသား ကျောင်းသူများ ကျောင်းသို့ လာရောက်ခြင်း၏ ရည်ရွယ်ချက်မှာ အဘယ်နည်း။

ဖြေ ။ ။ – ကျောင်းသား ကျောင်းသူများ ကျောင်းသို့ လာရောက်ခြင်း၏ ရည်ရွယ်ချက်မှာ ပညာသင်ကြားယူရန် ဖြစ်ပါသည်။

မေး ။ ။ (ဂ) ပညာ ပြည့်ဝသောသူသည် အသိဉာဏ် မြင့်မား၍ ဆင်ခြင်တုံတရား ရှိနိုင်သည် ဆိုခြင်းမှာ မှန်ကန်ပါသလား။

ဖြေ ။ ။ – ပညာ ပြည့်ဝသောသူသည် အသိဉာဏ် မြင့်မား၍ ဆင်ခြင်တုံတရား ရှိနိုင်သည် ဆိုခြင်းမှာ မှန်ကန်ပါသည်။

http://www.dhammadownload.com

မေး ။ ။ (ဃ) ပညာပြည့်ဝရန် အသိဉာဏ် ဆင်ခြင်တုံတရား ရှိသူသည် ကောင်းမှု နှင့် မကောင်းမှု မည်သည်ကို ပြုလုပ်မည်ဟု ထင်ပါသနည်း။

ဖြေ ။ ။ – ပညာပြည့်ဝရန် အသိဉာဏ် ဆင်ခြင်တုံတရား ရှိသူသည် ကောင်းမှုကို ပြုလုပ်မည်ဟု ထင်ပါသည်။

* * *

၅။ တတ်မြောက်မှု စစ်ဆေးခြင်း

မေး ။ ။ **အောက်ပါ မေးခွန်းများကို ဖြေဆိုပါ။**

မေး (က)။ **မွေးသော ပန်းများကို ထုပ်ထားသောဖက်တွင် ပန်းမှ မည်သည့်အရာ ကူးစက်ပျံ့နှံ့ စေနိုင်သနည်း။**

ဖြေ ။ ။ **မွေးသော ပန်းများကို ထုပ်ထားသောဖက်တွင်** ပန်းမှ မွေးသောပန်းရနံ့ ကူးစက်ပျံ့နှံ့ စေနိုင်သည်။

မေး (ခ) ။ လိမ္မာယဉ်ကျေးလိုလျှင် မည်သူကို **မှီဝဲဆည်းကပ်ရမည်နည်း။**

ဖြေ ။ ။ လိမ္မာယဉ်ကျေးလိုလျှင် ပညာရှိကို **မှီဝဲဆည်းကပ်ရပါမည်။**

မေး (ဂ) ။ ဆိုးသွမ်း မိုက်မဲသူနှင့် ပေါင်းဖော်နေသူအား လူအများက **ဆိုးသွမ်းသူဟု ထင်မည်လား။** လိမ္မာသူဟု ထင်မည်လား။

ဖြေ ။ ။ ဆိုးသွမ်း မိုက်မဲသူနှင့် ပေါင်းဖော်နေသူအား လူအများက **ဆိုးသွမ်းသူဟု** ထင်ပါမည်။

မေး (ဃ)။ လိမ္မာယဉ်ကျေးသော လူတော် လူကောင်းများနှင့် ပေါင်းဖော်မိသူသည် မည်သို့သော သူ ဖြစ်လာနိုင်သနည်း။

ဖြေ ။ ။ လိမ္မာယဉ်ကျေးသော လူတော် လူကောင်းများနှင့် ပေါင်းဖော်မိသူသည် လိမ္မာယဉ်ကျေးသော လူတော် လူကောင်း ဖြစ်လာနိုင်သည်။

မေး (င)။ မပေါင်းသင်းအပ်ဘဲ ရှောင်ခွာသင့်သူကို ဖော်ပြပါ။

ဖြေ ။ ။ **မပေါင်းသင်းအပ်ဘဲ** ရှောင်ခွာသင့်သူမှာ ဆိုးသွမ်း မိုက်မဲသောသူ ဖြစ်ပါသည်။

* * *

ပြီးပါပြီ

ထူးထူးခြန်ခြန် အောင်မြင်ကြပါစေသတည်း။